# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ်(၀၃၄)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) တည်ဆောက်ရေးစီမံကိန်းနှင့် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ (၂၅)မဂ္ဂါဝပ် (TM 2500) ဓာတ်အားပေးစက်တို့ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သာကေတ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းရှိ (၂၅)မဂ္ဂါဝပ် (TM 2500) ဓာတ်အားပေးစက် ထိန်းချုပ်ခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့်အတူ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ရန်ကုန်မြို့တော်ရှိလမ်း၊ တံတားများအခြေအနေ၊ အတွင်းပတ်လမ်း၊ အပြင်ပတ်လမ်းနှင့် တံတားများဆက်စပ်မှုအခြေအနေ၊ ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃) တည်ဆောက်ရခြင်း အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးနေအောင်ရဲမြင့်က ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃)စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ တံတားတည်ဆောက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ တည်ဆောက်ရေးလုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ABIS အစည်းအဝေး၊ (၃၅)ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးနှင့် ASEAN နှင့် FIFA တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားတို့သို့ တက်ရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Asean Business and Investment Summit (ABIS) အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**ဗန်ကောက် နိုဝင်ဘာ ၂**

(၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ထိုင်းနိုင်ငံ တော်ဝင်မင်းသမီးများနှင့် တွေ့ဆုံပြီး King Chulalongkorn Memorial Hospital ရှိ Thai Red Cross AIDS Research Centre ကို ကြည့်ရှုလေ့လာကာ Asean Business and Investment Summit (ABIS) အစည်းအဝေး၊ (၃၅) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေးနှင့် ASEAN နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် Federation International de football Association (FIFA)တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားတို့သို့ တက်ရောက်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် Bhumisiri Mangkhalanusorn Building ရှိ King Chulalongkorn Memorial Hospital သို့ ရောက်ရှိရာ

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ဆီးရီးယားနိုင်ငံ မြောက်ပိုင်းနယ်စပ်တွင် တူရကီနှင့် ရုရှားတို့ ပူးတွဲကင်းလှည့်** — နိုင်ငံတကာသတင်း — စာ ၁၄

**ဘေးကင်းဇုန်တစ်ခု ထူထောင်ကြရာဝယ်** — နိုင်ငံတကာရေးရာ — စာ ၁၅

**ပန်းတနော်မြို့နယ်၌ တန် ၁၀၀၀ ငါးအစာစက်ရုံ စတင်တည်ဆောက်တော့မည်** — မြို့နယ်သတင်း — စာ ၂၂





မြန်မာ့အလင်း

# အကျိုးကြီးမည့် ဘက်စုံစီမံကိန်း

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော်ထိ စွမ်းဆောင်နိုင်မည့် ငါးမွေးမြူရေး ဘက်စုံစီမံကိန်းကြီး တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိရာ အဆိုပါစီမံကိန်းကြီး ပြည့်စုံပြီးမြောက်၍ အောင်အောင်မြင်မြင် လည်ပတ်ပြီဆိုပါက အရှေ့တောင်အာရှတွင် အကြီးမားဆုံး ငါးမွေးမြူရေးစီမံကိန်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။ ယင်းစီမံကိန်းတွင် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် ဆက်စပ်နေသည့် ငါးမွေးမြူရေးကန်များ၊ ငါးသားပေါက်စခန်းများ၊ ပြုပြင်ထုတ်လုပ်မှုနှင့် အအေးခန်းစက်ရုံများ၊ ငါးအစာစက်ရုံများ၊ ခွဲစိတ်ခန်းများပါဝင်ပြီး စီမံကိန်းပြီးစီးချိန်တွင် အလုပ်အကိုင်အခွင့်အလမ်း ၆၀၀၀ ကျော်ကို ဖန်တီးပေးနိုင်မည်လည်းဖြစ်ရာ မြန်မြန်ဆန်ဆန် ပြီးပြည့်စုံ၍ လုပ်ငန်းများ မြန်မြန်ဆန်ဆန် လည်ပတ်နိုင်သည်နှင့်အမျှ မြန်မြန်ဆန်ဆန် အကျိုးရှိမည့် စီမံကိန်းကြီးလည်း ဖြစ်သည်။

ပြည်ပပို့ကုန်များတွင် ရေထွက်ပစ္စည်း တင်ပို့ရောင်းချမှုသည် ဈေးကွက်အလားအလာ ကောင်းမွန်သည့်တိုင်အောင် မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများကို မယှဉ်နိုင်ပေ။ ရေထွက်ပစ္စည်းများအတွက် သဘာဝအရင်းအမြစ်များဖြစ်သည့် ရေချိုမြစ်ချောင်းအင်းအိုင်များ၊ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်မှုများ ပြည့်စုံပါလျက်နှင့် ဘက်စုံအားနည်းချက်များကြောင့် ရေထွက်ကုန်ပစ္စည်း ယှဉ်ပြိုင်ထုတ်လုပ်နိုင်စွမ်းမရှိဖြစ်နေရသည့်အချက်များကို ဆန်းစစ်ပြီး ပြုပြင်ပြောင်းလဲသွားကြရမည်ဖြစ်သည်။ ပြည်ပဈေးကွက်၏ သဘောသဘာဝများကို သိနားလည်မှုအားနည်းခြင်းကြောင့် ဈေးကွက်ကတောင်းဆိုသည့် ရေထွက်ကုန်ပစ္စည်းကို လိုအပ်ချိန်တွင် ထုတ်လုပ်ပေးနိုင်စွမ်းမရှိခြင်း၊ ထုတ်လုပ်မှုနည်းစဉ်များတွင် စံနှုန်း သတ်မှတ်ချက်များမီအောင် မပြုလုပ်နိုင်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းမှု အာမခံချက်အတွက် ကောင်းမွန်သည့် မွေးမြူရေးဆိုင်ရာ ကျင့်စဉ်များနှင့်အညီ မွေးမြူထုတ်လုပ်ရန် လိုအပ်ခြင်း စသည့် အားနည်းချက်များက နိုင်ငံတကာ ရေထွက်ကုန်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်စွမ်းကို နိမ့်ကျနေစေခြင်းဖြစ်သည်။

"မိမိတို့နိုင်ငံသည် ရေထွက်ပစ္စည်းသဘာဝအရင်းအမြစ် သယံဇာတများစွာရှိသော်လည်း ငါး၊ ပုစွန်များ ဖမ်းဆီးရေးလုပ်ငန်းတွင်သော်လည်းကောင်း၊ မွေးမြူရေးလုပ်ငန်းတွင်သော်လည်းကောင်း၊ တန်ဖိုးမြှင့် Value added ထုတ်လုပ်ရာတွင်သော်လည်းကောင်း နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက ခေတ်မီ စနစ်၊ နည်းပညာ များစွာလိုအပ်လျက်ရှိနေသေးသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း" ဖြင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းကို လှည့်လည်ကြည့်ရှုစဉ် ပြောကြားခဲ့ရာ မြန်မာနိုင်ငံရေထွက်ကုန်ပစ္စည်းထုတ်လုပ်ရေး၏ ပစ္စက္ခအခြေအနေကို ထောက်ပြခဲ့ခြင်းပင်ဖြစ်သည်။ ထို့အပြင် ဒုတိယသမ္မတက "အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်ပြီး ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် တိုင်းဒေသကြီး/ပြည်နယ်များအလိုက် သင့်လျော်သည့်နေရာများရွေးချယ်ပြီး ရေသတ္တဝါမွေးမြူရေးဇုန်များကို Master Plan များရေးဆွဲ၍ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း" လည်း ထည့်သွင်းပြောကြားခဲ့ရာ အခြေအနေပေးသည့် နေရာဒေသတိုင်းတွင် ထိထိရောက်ရောက် လျင်လျင်မြန်မြန် အကောင်အထည်ဖော်ကြခြင်းဖြင့် ဒေသတွင်း အကျိုးဖြစ်ထွန်းမည့်အပြင် နိုင်ငံအကျိုးစီးပွားကိုလည်း အထောက်အကူ ကြီးကြီးမားမား ဖြစ်ထွန်းစေမည်ဟု ရှုမြင်မိသည်။

ပြည်ပဈေးကွက်သို့ ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် လိုအပ်သလောက်ပမာဏကို ထုတ်လုပ်နိုင်ရန်မှာ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖို့ လိုအပ်သည့်အပြင် ထုတ်လုပ်မှုကျင့်စဉ်ကောင်းများနှင့် ခေတ်မီနည်းစနစ်များ လိုအပ်သည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် နိုင်ငံတော်တို့ပူးပေါင်း၍ ဟန်ချက်ညီညီ စွမ်းဆောင်နိုင်သည်နှင့်အမျှ ရေထွက်ကုန်စည်မှ အကျိုးစီးပွားရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

(၂၂)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၂၇)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပခဲ့ရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို တက်ရောက်ခဲ့ပြီး ယနေ့ ညပိုင်းတွင် ထိုင်းနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(ယာပုံ)**




အဆိုပါ အစည်းအဝေးများတွင် Advancing Partnership for Sustainability နှင့် ထိုင်းနိုင်ငံမှ အကောင်အထည်ဖော် ဆောင်မည့် အာဆီယံ လူမှုရေး – ယဉ်ကျေးမှု ဆိုင်ရာစင်တာများ ထူထောင်ရေး၊ (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များ အတည်ပြုမည့် ကြေညာချက်(၆)ချက်နှင့် မှတ်တမ်းတင်မည့် ကြေညာချက် (၃)ချက်တို့အတွက် စုပေါင်းဆွေးနွေးအတည်ပြုခြင်း၊ အာဆီယံ လူမှုရေး – ယဉ်ကျေးမှု အသိုက်အဝန်းအခြေပြုမြေပုံ ၂၀၂၅ နှစ်လည်အစီရင်ခံစာအတွက် ဆောင်ရွက်မည့် စီမံချက်နှင့် ASCC မဏ္ဍိုင်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန် အလားအလာများကို ဆွေးနွေးခြင်း၊ Culture of Prevention ကြေညာချက်ကို ဖော်ဆောင်မည့် လုပ်ငန်းစဉ် Plan of Action (PoA)ကို သက်ဆိုင်ရာ လုပ်ငန်းအစုအဖွဲ့များက ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ တီမောလ်လက်စတေ နိုင်ငံက အာဆီယံအဖွဲ့ဝင်အဖြစ် လျှောက်ထားလာမှုအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ဒိန်းမတ်ပါလီမန် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ဒိန်းမတ်ပါလီမန် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ Mr. Henrik Thorup Gamst နှင့်အဖွဲ့အား အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ လုပ်ငန်းတာဝန်များ၊ စီမံကိန်းများ၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းများ၊ ဥပဒေအထောက်အကူပေးရေးဆိုင်ရာများ၊ ဒိန်းမတ်နိုင်ငံသံရုံးနှင့် လက်မှတ်ရေးထိုးခဲ့သည့် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးတိုးမြှင့်ကာကွယ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**



# သဘာဝဘေးသင့်ပြည်သူများထံသို့ အရေးပေါ်အရန်ဆန် ထောက်ပံ့ပေးအပ်

**ပြည် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံအတွင်း ၂၀၁၉ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ သဘာဝဘေးအန္တရာယ်ကြောင့် ကယ်ဆယ်ရေးစခန်းသို့ ခိုလှုံခဲ့ရသော ပြည်မြို့နယ်ရှိ သဘာဝဘေးသင့်ပြည်သူ ၃၈၁ ဦးထံသို့ ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့သော အရေးပေါ်အရန်ဆန် ထောက်ပံ့ပေးအပ်ပွဲကို ပြည်မြို့နယ် မတောင့်တကျေးရွာတွင် နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံမှ ထောက်ပံ့လှူဒါန်းသော ဆန်တန်ချိန် ၃ ဒသမ ၀၃ တန်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်စိုးစိုးကြည်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်နှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးအောင်ဆန်းဝင်းတို့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**







နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❊ *ရှေ့ဖုံးမှ*

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ စီမံကိန်းနှင့် မလွတ်ကင်းသော မြေယာကိစ္စရပ်များ ရှင်းလင်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးနှင့် တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ လမ်းညွှန်အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့သည် နိုင်ငံတော်အတွက် အဓိကကျပြီး စီးပွားရေးအရလည်းအရေးပါသော မြို့ကြီးတစ်မြို့ဖြစ်သည့် အားလျော်စွာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံသူ နိုင်ငံသားများအတွက် အချိန်ကုန်လူပန်း သက်သာစေရန် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆိုပါတံတားစီမံကိန်း ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးခဲ့သော ဂျပန်နိုင်ငံအစိုးရနှင့် ဂျပန်သံအမတ်ကြီးအပါအဝင် တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိကြောင်းကို အလေးအနက်ထား ပြောကြားလိုပါကြောင်း၊ တံတားကြီးအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ တည်ဆောက်ကြမည့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဂျင်နီယာပညာရှင်များ၏ အရည်အသွေးများကို ဖော်ထုတ်ပြသပြီး စံနမူနာကောင်းတစ်ခုအဖြစ် ကျန်ခဲ့စေလိုပါကြောင်း၊တံတားကြီး၏ ကုန်ကျမည့်စရိတ်နှင့်ညီမျှသည့် အကျိုးအမြတ်ကို နိုင်ငံသူ နိုင်ငံသားများ ရရှိစေလိုပါကြောင်း၊ ယခုတံတားကြီးအား တည်ဆောက်ပေးခြင်းအပြင် သန်လျင်ဘက်ကမ်းရှိ သီလဝါအထူးစီးပွားရေးဇုန်နှင့် Myanmar International Terminals Thilawa (MITT)တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသောကြောင့် ရန်ကုန်မြို့အပါအဝင် ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်များဖြစ်သည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာမှုများကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်သမ္မတသည် တံတားတည်ဆောက်ရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ဂျပန်နိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်ပြီး ပဲခူးမြစ်ကူးတံတား(သန်လျင်တံတားအမှတ်-၃)တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်အတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တံတားတည်ဆောက်ရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသော ဂျပန်နိုင်ငံမှ အင်ဂျင်နီယာပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်စဉ်။ သတင်းစဉ်

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သာကေတလျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းအတွင်းသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်ခန်းမ၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားလျှပ်စစ်ဓာတ်အား ပင်မစီမံချက်အရ နှစ်အလိုက် ဓာတ်အားလိုအပ်ချက်များ တိုးတက်လာမည့်အခြေအနေ၊ ၂၀၁၉ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံများ၏ စုစုပေါင်း စက်တပ်ဆင်အင်အား၊ ၂၀၂၀ ပြည့်နှစ်အတွင်း Plan အရ ဖြစ်ပေါ်လာမည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများ၏ စုစုပေါင်း စက်တပ်ဆင်အင်အား၊ နိုင်ငံတော်ဓာတ်အားလိုအပ်ချက်နှင့် ထပ်မံထုတ်လုပ်နိုင်မှုအရ နှစ်အလိုက် ဓာတ်အားစနစ်အတွင်း ဖြစ်ပေါ်လာမည့် အခြေအနေ၊ နိုင်ငံတော်ဓာတ်အားစနစ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ လျှပ်စစ်ဓာတ်အား ဝင်ရောက်ချိတ်ဆက်ဖြန့်ခွဲမှုအခြေအနေနှင့် သာကေတဓာတ်အားပေးစက်ရုံ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်တိုင်းဒေသကြီးတွင် ထပ်မံဖြစ်ထွန်းလာမည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လိုအပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

## ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်သမ္မတက ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းပန်းဆက်သွယ်မှုနှင့် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းစဉ်အနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုနှင့် လျှပ်စစ်ဓာတ်အားရရှိမှုသည် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍများအတွက် အထောက်အကူဖြစ်စေမည်သာမက ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ အသုံးပြုမှုသည်လည်း ပိုမိုတိုးတက်များပြားလာနေသဖြင့် ဓာတ်အားပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကို တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု၊ လျှပ်စစ်ဓာတ်အားယူနစ်များကိုလည်း အမှန်တကယ် သုံးစွဲသည့်အတိုင်း မှန်မှန်ကန်ကန်ရရှိစေရေး စီမံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူများအတွက် လျှပ်စစ်မီးမှန်ရေးနှင့် ပြတ်တောက်မှုမရှိစေရေးတို့ကို ဝန်ကြီးဌာန တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့တော် လျှပ်စစ်မီးလုံလောက်စွာ သုံးစွဲနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဝယ်ယူထားသော စက်ရုံဝင်းအတွင်းရှိ Trailer Mounted Duel Fuel Generator (TM 2500) ဓာတ်အားပေးစက်နှင့် ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**



Trailer Mounted Duel Fuel Generator (TM 2500) ဓာတ်အားပေးစက်ကို တွေ့ရစဉ်။ သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Asean Business and Investment Summit (ABIS) အစည်းအဝေးတွင် တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❖ *ရှေ့ဖုံးမှ*

HRH UNAIDS Goodwill Ambassador Committee Advisor , Dr. Surakiart Sathirathai ၊ ထိုင်းကြက်ခြေနီအဖွဲ့၏ Assistant Secretary General for External Relations, Dr Tej Bunnag နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

### သီးသန့်တွေ့ဆုံ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Thai Red Cross AIDS Research Centre နာယကများဖြစ်ကြသည့် ထိုင်းနိုင်ငံတော်ဝင်မင်းသမီးများ ဖြစ်ကြသည့် Her Royal Highness Princess Soamsawali Krom Muen Suddhanarinatha နှင့် Her Royal Highness Princess Bajrakitiyabha Narendiradebyavati တို့အား King Chulalongkorn Memorial Hospital, 12 floor ၌ သီးသန့်တွေ့ဆုံသည်။

### ရှင်းလင်းပြောကြား

တွေ့ဆုံစဉ် Her Royal Highness Princess Bajrakitiyabha Narendiradebyavati နှင့် Thai Red Cross AIDS Research Centre တာဝန်ရှိသူများက HIV–AIDS ရောဂါ အသိပညာပေးရေး၊ HIV ဝေဒနာရှင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုများပေးအပ်နေမှုအခြေအနေ၊ မိခင်မှတစ်ဆင့် HIV ရောဂါကလေးသူငယ်များထံ ကူးစက်မှုလျှော့ချရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ HIV ရောဂါကာကွယ်တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ဆေးဝါး၊ နည်းပညာနှင့် အတွေ့အကြုံများဖလှယ်သွားနိုင်ရေးအတွက် မြန်မာ–ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအပြင် အခြားစိတ်ပါဝင်စားသောနိုင်ငံများနှင့် သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ထိုင်းနိုင်ငံတော်ဝင်မင်းသမီးများ Thai Red Cross AIDS Research Centre နှင့် UNAIDS တို့ ပူးပေါင်းဆောင်ရွက်သည့်ပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံတော်ဝင်မင်းသမီးများသည် Red Cross AIDS Research Centre, Conference Room သို့ ရောက်ရှိကြရာ Thai Red Cross AIDS Research Centre , Director, Professor Emeritus Praphan Phanuphak က Red Cross AIDS Research Centre ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် HIV ပိုးကာကွယ်ကုသခြင်း လုပ်ငန်းစဉ်များကို Video Projector ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံတော်ဝင်မင်းသမီးများသည် Thai Red Cross AIDS Research Centre နှင့် UNAIDS တို့ ပူးပေါင်းဆောင်ရွက်သည့်ပြခန်းကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Asean Business and Investment Summit (ABIS) အစည်းအဝေးကျင်းပမည့် Maung Thong Thani Impact သို့ရောက်ရှိပြီး *စာမျက်နှာ ၅ သို့*



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ASEAN STYLES မြန်မာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

သတင်းစဉ်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၃၅) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးစဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

(ABIS) ခေါင်းဆောင်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ Asean Business and Investment Summit (ABIS) အစည်းအဝေးသို့ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မိန့်ခွန်းကို စာမျက်နှာ-၆ တွင် သီးခြားဖော်ပြထားပါသည်။)**

### တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

### ပြခန်းများကြည့်ရှု

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ASEAN STYLES မြန်မာပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Novotel Bangkok Impact, Sapphire 205 – 206 ၌ ကျင်းပသည့် (၃၅) ကြိမ်မြောက် အာဆီယံမျက်နှာစုံညီထိပ်သီးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးသည်။

### အမြင်ချင်းဖလှယ်ဆွေးနွေး

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများက အာဆီယံအသိုက်အဝန်းတည်ဆောက်ရေး၊ အာဆီယံ၏ ပြင်ပဆက်ဆံရေးနှင့် အနာဂတ်ဦးတည်ချက်၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် ဦးကျော်တင်၊ အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းလွင်၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Sapphire – 202 ၌ ကျင်းပသည့် ASEAN နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် Federation International de football Association (FIFA) တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ နားလည်မှုစာချွန်လွှာအရ အာဆီယံအသိုက်အဝန်းထူထောင်ရာတွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရေးအတွက် အာဆီယံဒေသတွင်း ဘောလုံးအားကစား ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဘောလုံးနည်းစနစ်မြင့်မားလာရေး၊ လာမည့် ၂၀၃၄ ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဆီယံဒေသမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများအတွက် ကူညီပံ့ပိုးမှုများပေးအပ်သွားမည်ဖြစ်သည်။

**သတင်းစဉ်**

**"နားလည်မှုစာချွန်လွှာအရ အာဆီယံအသိုက်အဝန်း ထူထောင်ရာတွင် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေရေးအတွက် အာဆီယံဒေသတွင်း ဘောလုံးအားကစား ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဘောလုံးနည်းစနစ်မြင့်မားလာရေး၊ လာမည့် ၂၀၃၄ ခုနှစ်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို အာဆီယံဒေသမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားနိုင်ရေးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရာတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများအတွက် ကူညီပံ့ပိုးမှုများ ပေးအပ်သွားမည်ဖြစ်"**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ ASEAN နှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် Federation International de football Association (FIFA) တို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံကိုလာရောက်မယ့် အရည်အသွေးရှိတဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဝန်ဆောင်မှုပေးနိုင်ဖို့ မိမိတို့၏ မူဝါဒပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦတွေကို မြှင့်တင်နိုင်ရေး ကြိုးပမ်းလျက်ရှိပါတယ်

**အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည့် မိန့်ခွန်း**

**(ဗန်ကောက်မြို့၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်)**

**လေးစားအပ်ပါသော ဧည့်သည်တော်များရှင်-**

ယခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေးမှာ ဧည့်သည်တော်များနဲ့အတူ တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

ယခုဆွေးနွေးပွဲကို မိမိအနေနဲ့ တတိယအကြိမ်မြောက် တက်ရောက်ခြင်း ဖြစ်ပါတယ်။ ယနေ့ တက်ရောက်လာကြသူများအနေနဲ့ ဒေသတွင်းမှာရှိတဲ့ အမြင်ကျယ်တဲ့ ပြုပြင်ပြောင်းလဲသူများရဲ့ အတွေ့အကြုံများကို ကြားသိရမှာ ဖြစ်တဲ့အပြင်၊ စီးပွားရေးအသိုက်အဝန်းနှင့်လည်း တိုက်ရိုက်ဆွေးနွေးခွင့်ရမယ်လို့ မိမိအနေနဲ့ယုံကြည်ပါတယ်။

ဒ့ါအပြင် တတိယစက်မှုခေတ်မှ စတုတ္ထစက်မှုခေတ်ကို ကူးပြောင်းနိုင်ဖို့ ကြိုးပမ်းနေကြစဉ်အတွင်း တွေ့ကြုံရတဲ့ စိန်ခေါ်မှုများနှင့် အလားအလာတို့ကို သိရှိနိုင်ဖို့အတွက် ယခုဆွေးနွေးပွဲက တန်ဖိုးမဖြတ်နိုင်တဲ့ အခွင့်အရေးများ ရစေမှာ ဖြစ်ပါတယ်။ ဒီလိုကူးပြောင်းရာမှာ မြန်မာနိုင်ငံဟာ ကဏ္ဍအချို့မှာ နောက်ကျကောင်း နောက်ကျနေနိုင်ပါတယ်။

မြန်မာနိုင်ငံလို ဈေးကွက်သစ်နိုင်ငံတစ်နိုင်ငံမှာ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများဟာ ကဏ္ဍသတ်မှတ်နိုင်သည့် အလုပ်နေရာသစ် ၅ ခုမှာ ၄ ခုကို ထောက်ပံ့ပေးလျက်ရှိပြီး၊ ကဏ္ဍသတ်မှတ်ချက်မရှိသည့် လုပ်ငန်းများအပါအဝင် အလုပ်အကိုင်အခွင့်အလမ်းကို စုစုပေါင်း ၉၀ ရာခိုင်နှုန်းအထိ ဖန်တီးပေးလျက်ရှိပါတယ်။

ဒါကြောင့် ဒီနှစ်ဆွေးနွေးပွဲရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ “ASEAN Empowering 4.0” နဲ့အညီ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်း၊ လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးနဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကဖြစ်တဲ့ အငယ်စား၊ အသေးစား နဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများကိစ္စကို အလေးထားဆွေးနွေးဖို့ စီစဉ်ထားတာကို ကြိုဆိုပါတယ်။

မိမိတို့အနေနဲ့ ပုဂ္ဂလိကကဏ္ဍမိတ်ဖက်များ ဆွေးနွေးနိုင်ရေး ပံ့ပိုးပေးလျက်ရှိပြီး၊ အာဆီယံစီးပွားရေးပေါင်းစည်းမှု ကြိုးပမ်းရာမှာ အားဖြည့်ပေးလျက်ရှိတဲ့ အာဆီယံစီးပွားရေးအကြံပေးကောင်စီရဲ့ အခန်းကဏ္ဍကို အသိအမှတ်ပြုလိုပါတယ်။

**အဆွေတော်များရှင်-**

လွန်ခဲ့တဲ့နှစ်များအတွင်း မိမိအနေနဲ့ အာဆီယံဒေသတွင်းနဲ့ ဒေသပြင်ပနေရာများစွာ လေ့လာခွင့်ရရှိခဲ့တာ ဖြစ်လို့၊ မြန်မာနိုင်ငံအနေနဲ့ အနာဂတ်ကာလအတွက် အင်အားပြည့်တဲ့ “Myanmar 4.0”ကို ဖန်တီးနိုင်ဖို့ မိမိတို့ရဲ့ လုပ်သားအင်အားစုရဲ့ အရည်အချင်းမြှင့်တင်ပေးခြင်းနဲ့ အရည်အချင်းအသစ်များ သင်ကြားပေးနိုင်ဖို့ အားထည့်ဆောင်ရွက်ရမှာဖြစ်တယ်ဆိုတာ ကောင်းစွာ သဘောပေါက်ပြီး ဖြစ်ပါတယ်။

အဲဒီလိုမြှင့်တင်ပေးမှသာလျှင် “ASEAN 4.0” ရဲ့ အနာဂတ်နည်းပညာနဲ့ ဈေးကွက်လိုလားချက်များနဲ့ ကိုက်ညီနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုကြိုးပမ်းမှုတွေ အောင်မြင်ရေးဟာ စဉ်ဆက်မပြတ်နဲ့ အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးမှုမျိုးကို အာမခံပေးနိုင်တဲ့ ပုဂ္ဂလိက ကဏ္ဍရဲ့ စွမ်းဆောင်ရည်အပေါ် များစွာမူတည်နေပါတယ်။ ဒ့ါအပြင် ကြီးမားတဲ့အပြောင်းအလဲများအောက်မှ အားလုံးပါဝင်နိုင်ပြီး အကျိုးအမြတ်ဖော်ဆောင်နိုင်မှသာ ရှင်သန်အောင်မြင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိ အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဟာ အသွင်ကူးပြောင်းရေးမှာ ရှေ့တန်းက ပါဝင်လျက်ရှိပါတယ်။ မိမိတို့ရဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းများဟာ ပြည်တွင်းစီးပွားရေးရဲ့ အဓိကမောင်းနှင်အားဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းသာမက တီထွင်ဆန်းသစ်မှု၊ ဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချရေး လူ့စွမ်းအားဖွံ့ဖြိုးရေးတို့အတွက်လည်း အလွန်အရေးပါတဲ့ အဓိက အရင်းအမြစ်တစ်ခု ဖြစ်ပါတယ်။




ဒီလိုအရေးကြီးတဲ့ ကဏ္ဍရပ် ကြံ့ခိုင်စေဖို့ မိမိတို့အနေနဲ့ အများပါဝင်နိုင်ပြီး အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံပေးနိုင်မယ့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ကို ရောက်ရှိနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။

ဒါကြောင့် မိမိတို့အနေနဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေး လုပ်ငန်းများ ခေတ်နဲ့အမီ လိုက်နိုင်ပြီး၊ နည်းပညာအသစ်များရဲ့ အခွင့်အလမ်းများရယူနိုင်ဖို့ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းများ စီမံပေးထားပါတယ်။

**အဆွေတော်များရှင်-**

ယနေ့အချိန်မှာ ကမ္ဘာတစ်ဝန်းလုံး လူမှုရေးနဲ့ နည်းပညာဆိုင်ရာ အသွင်ကူးပြောင်းမှုများကို မိမိတို့အနေနဲ့ မျက်မြင်ကြုံတွေ့နေရပါတယ်။

ဒီပြောင်းလဲမှုတွေဟာ နည်းပညာများပေါင်းစပ်မှုနဲ့ ရုပ်ပိုင်း၊ ဒစ်ဂျစ်တယ်နဲ့ ဇီဝနယ်ပယ်တို့အကြား ကွဲပြားမှုတွေကို မှေးမှိန်စေလျက်ရှိပါတယ်။

ဒီအပြောင်းအလဲတွေဟာ နည်းပညာနဲ့ထုတ်လုပ်မှု ကွန်ရက်များရဲ့ ဆောင်ရွက်ချက်များကို မြှင့်တင်ပေးပြီး၊ နယ်ပယ်ကန့်သတ်ချက်များကို ပယ်ဖျက်နိုင်မှုများ ပါဝင်ပါတယ်။

ဒီပြောင်းလဲမှုဟာ အရေးပါသည့်အခွင့်အလမ်းများ ပေးလျက်ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက် အခွင့်အလမ်းကောင်းတစ်ရပ် ဖြစ်ပါတယ်။

ပြောင်းလဲမှုတွေကြားမှာ ရှင်သန်နိုင်ဖို့မလွယ်ကူဘူးဆိုတာကို မြန်မာနိုင်ငံက ကောင်းစွာ သိရှိနားလည်ပါတယ်။

ယနေ့ချိန်ဟာ မည်သည့်အခါကနဲ့မတူ ပိုမိုခက်ခဲကောင်း ခက်ခဲနိုင်ပါတယ်။

ပြီးခဲ့တဲ့လက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)အနေနဲ့ ကမ္ဘာ့စီးပွားရေးသုံးသပ်ချက်ကို အဆင့် လျှော့ကျခဲ့ပြီး ၂၀၁၉ နှောင်းပိုင်းမှာလည်း တစ်ကမ္ဘာလုံးဖွံ့ဖြိုးမှု ဆက်လက်နှေးကွေးနေဦးမယ်လို့ ခန့်မှန်းထားပါတယ်။ ဒီအခြေအနေဟာ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်း နောက်ပိုင်း ကမ္ဘာ့ဖွံ့ဖြိုးမှုအနိမ့်ဆုံး အနေအထားလည်း ဖြစ်ပါတယ်။

အတိတ်ကာလမှာဆိုရင် အာရှဒေသဖွံ့ဖြိုးမှုအပေါ် တစ်ကမ္ဘာလုံးက မျှော်လင့်ချက်ထားခဲ့ကြသော်လည်း ယခုကမ္ဘာ့ဘဏ်၏ တွက်ချက်မှုအရ ၂၀၁၈ ခုနှစ်မှာ ဒေသတွင်းဖွံ့ဖြိုးမှု ၆.၃ ရာခိုင်နှုန်းမှ ၂၀၁၉ နှင့်၂၀၂၀ ခုနှစ်တို့မှာ ၅.၉ ရာခိုင်နှုန်းအထိ လျှော့နည်းခန့်မှန်းထားပါတယ်။

အာရှဘဏ္ဍာရေး အကျပ်အတည်းပြီးနောက် မိမိတို့ရဲ့ဒေသတွင်း တိုးတက်မှုနှုန်းထား ၆ ရာခိုင်နှုန်းအောက် ကျဆင်းမယ်လို့ခန့်မှန်းခဲ့တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။

လက်ရှိမှာ ဒေသတွင်းတိုးတက်မှု နှေးကွေးနေသော်လည်း အရှေ့တောင်အာရှဒေသရှိ နိုင်ငံများရဲ့ စီးပွားရေးတိုးတက်မှုဟာ အာဆီယံ ၄.၀ ကို ရင်ဆိုင်နိုင်မယ့်အခြေအနေကောင်းမှာ ရပ်တည်လျက်ရှိတယ်လို့ ယုံကြည်ပါတယ်။

**အဆွေတော်များရှင်-**

မြန်မာနိုင်ငံသည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသော်လည်း သတိရှိစွာဖြင့် အကောင်းမြင်ဝါဒကို ဆုပ်ကိုင်နိုင်ဆဲ ဖြစ်ပါတယ်။

အဆွေတော်တို့ သိရှိတဲ့အတိုင်း၊ မြန်မာနိုင်ငံဟာရှုပ်ထွေးတဲ့ ပြောင်းလဲမှုများတစ်ပြိုက်နက်တည်း ကြုံတွေ့လျက်ရှိပါတယ်။ ဒီကူးပြောင်းမှုများဟာ စတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းမှုများနှင့် အလားတူ နိုင်ငံရဲ့နိုင်ငံရေး၊ လူမှု-စီးပွားရေးကဏ္ဍများအပေါ် သက်ရောက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ကမ္ဘာ့စီးပွားရေးဖိုရမ် တည်ထောင်သူနဲ့ အမှုဆောင်ဥက္ကဋ္ဌဖြစ်သူ Klaus Schwab က စတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းရေးဆိုတဲ့စကားလုံးကို မိတ်ဆက်ပေးခဲ့ပြီး နောက်များမကြာမီ ဒီမိုကရက်တစ် မြန်မာနိုင်ငံတော်သစ်ကို မိမိတို့အစိုးရတာဝန်ယူခဲ့သည့် အချိန်အခါလည်း ဖြစ်ပါတယ်။

ထိုစဉ်ကတည်းက မိမိတို့အစိုးရဟာ ၂၁ ရာစုရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် မိမိတို့နိုင်ငံနဲ့ လူငယ်များအသင့်ဖြစ်စေပြီး စဉ်ဆက်မပြတ်နဲ့ အားလုံးပါဝင်သော စီးပွားရေးတိုးတက်မှုများကို အားပေးကာ တည်ငြိမ်မှုနဲ့ ဖွံ့ဖြိုးရေးဘက်ညီအောင် ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ရဲ့ စုပေါင်းကြိုးပမ်းမှုကြောင့် မြန်မာနိုင်ငံဟာ စီးပွားရေးတိုးတက်နှုန်း ၆ မှ ၇ ရာခိုင်နှုန်းအတွင်း နှစ်စဉ်ထိန်းသိမ်းထားနိုင်လျက်ရှိပါတယ်။ ဒီနှုန်းဟာ အာရှဒေသတွင် အမြန်ဆုံးတိုးတက်မှုနှုန်းလည်းဖြစ်ပြီး စီးပွားရေးတည်ငြိမ်မှုကို မထိခိုက်စေတဲ့အနေအထားနဲ့ ဆက်လက်ထိန်းသိမ်းထားပါတယ်။

လက်ရှိကောင်းမွန်တဲ့ စီးပွားရေးအခြေအနေကိုအသုံးပြုပြီး နိုင်ငံရှိ ဖန်တီးမှုဆိုင်ရာလုပ်ငန်းများ မြှင့်တင်ခြင်း၊ တီထွင်ကြံဆမှုနှင့် သုတေသနလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံဖို့ တွန်းအားပေးခြင်းနဲ့ ဒစ်ဂျစ်တယ်စီးပွားရေးလုပ်ငန်းများကို အားပေးခြင်းတို့ကတစ်ဆင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး ဆောင်ရွက်သွားဖို့ မိမိတို့အနေနဲ့ သန္နိဋ္ဌာန်ချထားပါတယ်။

ဒီကြိုးပမ်းမှုတွေကို ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနဲ့ အပြည့်အဝကိုက်ညီပြီး၊ အားလုံးပါဝင်သော လူမှု-စီးပွားနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်တွေပါရှိတဲ့ မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)က ဦးဆောင်ပေးလျက်ရှိပါတယ်။

ဒီစီမံကိန်းဟာ အနာဂတ်ပြုပြင်ပြောင်းလဲမှုများအားလုံးအတွက် စုစည်းညီညွတ်တဲ့ လမ်းပြမြေပုံတစ်ရပ်ဖြစ်ပြီး နိုင်ငံရဲ့ဖွံ့ဖြိုးမှုလမ်းစဉ်အသစ်စတင်နိုင်ဖို့ လမ်းညွှန်ပေးနေပါတယ်။

**အဆွေတော်များရှင်-**

ဒီစီမံကိန်းနဲ့အတူ အာဆီယံအတွင်း ပေါင်းစည်းရေးဆောင်ရွက်ရင်း ဒေသဆိုင်ရာတန်ဖိုးကွင်းဆက်များ၊ ပြည်သူအချင်းချင်း ဆက်သွယ်မှုများနဲ့ ဆိုက်ဘာနည်းပညာများကို ထိရောက်စွာအသုံးချပြီး မြန်မာ ၄.၀ ဟာ ပြည်သူများအနေနဲ့ ပုံစံသစ်နဲ့ ငွေကြေးပေးချေတဲ့စနစ်များ အသုံးပြုနိုင်အောင် ပံ့ပိုးသွားမှာ ဖြစ်ပါတယ်။

လူကြီးလူငယ်မရွေး အဆုံးအစမဲ့ သတင်းအချက်အလက်များကို သင်ယူမှုနည်းလမ်းအသစ်များမှ ရယူနိုင်ကြတော့မှာ ဖြစ်ပါတယ်။

စမတ်ဖုန်းတွေနဲ့အားဖြည့်ထားတဲ့(telemedicine)ဟာလည်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို များစွာပြောင်းလဲစေမှာ ဖြစ်ပါတယ်။

ယခင်က ဘဏ္ဍာရေးနဲ့ စီးပွားရေးလုပ်ငန်းများရဲ့ အထောက်အပံ့မရရှိခဲ့တဲ့ မိမိတို့ရဲ့ အငယ်စား၊ အသေးစားနဲ့ အလတ်စားလုပ်ငန်းများ (MSMEs)ဟာ

*စာမျက်နှာ ၇ သို့*

❖ ပြောင်းလဲမှု၏ အခွင့်အလမ်းကောင်းကို ရယူနိုင်ဖို့အတွက် အနာဂတ်မှာ ပုံပေါ်လာမယ့် လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ မိမိတို့အနေနဲ့ မိမိတို့ရဲ့ လူမှုအသိုက်အဝန်းများကို အစဉ်အမြဲသင်ယူလေ့လာလျက်ရှိတဲ့ လူမှုအသိုက်အဝန်းများအဖြစ် ပြောင်းလဲရမှာဖြစ်

❖ အနာဂတ်အလုပ်အကိုင်ဈေးကွက်မှာ ကျွမ်းကျင်မှုလိုအပ်ချက်နဲ့ ကျွမ်းကျင်လုပ်သားရရှိနိုင်မှု အားနည်းတဲ့အခြေအနေတွေကို ရှောင်ရှားနိုင်ဖို့အတွက် ပုဂ္ဂလိကနှင့် အစိုးရပူးပေါင်းကာ မျိုးဆက်သစ်လုပ်သားများအတွက် ကျွမ်းကျင်မှုကို မြှင့်တင်သွားဖို့လို

*စာမျက်နှာ ၆ မှ*

မိမိတို့စိတ်ကူးနိုင်သည့်အတိုင်း နယ်နိမိတ်များကို ဖြတ်ကျော်ပြီး ကုန်သွယ်နိုင်တော့မှာ ဖြစ်ပါတယ်။

မိမိတို့ဒေသရှိ စီးပွားရေးအသိုက်အဝန်းများတွင် လက်ရှိမြင်တွေ့နေရပြီး ဖြစ်တဲ့အတိုင်း အာဆီယံနည်းပညာမြှင့်တင်မှုဟာ လူ့စွမ်းရည်မြှင့်တင်မှုအတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ သို့သော် မိမိတို့ရဲ့ ရုပ်ပိုင်းနဲ့ ဒစ်ဂျစ်တယ်နည်းပညာပိုင်း ပေါင်းစည်းလာခြင်းကြောင့် တစ်ခါတစ်ရံမှာ မိမိတို့အားလုံးရဲ့ ရှင်သန်မှုအစိတ်အပိုင်းအားလုံးဟာ ဒစ်ဂျစ်တယ်ပုံစံကို ပြောင်းလဲနေပြီလို့ ခံစားရပါတယ်။

သမိုင်းအခြေအနေကြောင့်ဖြစ်စေ၊ စိန်ခေါ်မှုအသစ်များကြောင့်ဖြစ်စေ နောက်ကျကျန်ခဲ့တဲ့ အသိုက်အဝန်းများနဲ့ နိုင်ငံများအတွက် ယခုပြောင်းလဲမှုတွေဟာ မသေချာမှုများစွာ ယူဆောင်လာပါတယ်။ အသွင်ကူးပြောင်းမှုတိုင်းဟာ မသေချာ မရေရာမှုတွေ ပါဝင်ပါတယ်။

မြန်မာနိုင်ငံမှာ (၄)ဦးမှာ (၃)ဦးဟာ ဘဏ်စာရင်းမရှိဘဲ၊ ပြည်သူ (၅)ရာခိုင်နှုန်းသာ အကြွေးဝယ်ကတ်များ ကိုင်ဆောင်နိုင်ကြပါတယ်။ ဘဏ္ဍာရေးနဲ့ ဘဏ်လုပ်ငန်းကဏ္ဍမှာ ဖြေလျှော့မှုများတွင် တင်းကျပ်တဲ့ စည်းမျဉ်းစည်းကမ်း (red tape)တွေကို ဖယ်ရှားပေးခြင်းဖြင့် ဖွံ့ဖြိုးမှုကွာဟချက်ကို လျှော့ချပေးပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များအဖြစ် ပြောင်းလဲပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

မိမိတို့ဒေသဟာ ဒစ်ဂျစ်တယ်နည်းပညာကို ပိုမိုမှီခိုလာတာနဲ့အမျှ ပုဂ္ဂလိကနဲ့ ပြည်သူ့ကဏ္ဍအလုပ်အကိုင်များရဲ့ ပုံစံများလည်း အချိုးညီလိုက်ပါ ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

မှတ်ဉာဏ်တုနဲ့ နည်းပညာမြင့်စက်ရုပ်များသည် လက်ရှိမိမိတို့ရဲ့စက်မှု၊ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍများသို့ ဝင်ရောက်ရာတွင် အဟန့်အတားများ ပေါ်ပေါက်လာနိုင်ပါတယ်။ လူသားများနဲ့ စက်ရုပ်များရဲ့ အားသာချက်အသီးသီးကို ရှာဖွေဖော်ထုတ်သွားဖို့လိုပါတယ်။ မိမိတို့အနေနဲ့ စက်ယန္တရားများနဲ့အတူတကွပူးပေါင်းရမှာ ဖြစ်ပါတယ်။ ဆန့်ကျင်ရမှာ မဟုတ်ပါဘူး။

နေရာတိုင်းမှာ ကြိုတင်ပြင်ဆင်ဖို့ပျက်ကွက်ခဲ့လျှင် ကျရှုံးဖို့ပြင်ဆင်ထားသလိုဖြစ်ပါမယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီစိန်ခေါ်မှုများအား ရင်ဆိုင်သည့်အခါ အာဆီယံနဲ့ဒေသတွင်း မိတ်ဖက်များနှင့်အတူ ရှိနေတဲ့အတွက် ကံကောင်းပါတယ်။

**အဆွေတော်များရှင်–**

သန်းပေါင်း (၆၅၀) နီးပါးရှိတဲ့ ပြည်သူအများစုရဲ့နေအိမ်ဖြစ်တဲ့ အာဆီယံဟာ လုပ်သားအင်အား များစွာရှိရာ အသွင်ကူးပြောင်းမှုကြောင့် လူသားအရင်းအမြစ်နဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုပေါ် ရိုက်ခတ်လာနိုင်တဲ့အခြေအနေတွေကို အလေးထားစဉ်းစားရမှာ ဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာမြင့်တက်မှုဟာ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဘဏ္ဍာရေးစီးဝင်မှုလုပ်ငန်းစဉ်အပေါ် ကြီးမားစွာရိုက်ခတ်မှာ ဖြစ်တဲ့အတွက် အနာဂတ်မှာလိုအပ်လာမယ့် လုပ်သားများ၏ စွမ်းရည်ဟာ ယနေ့လုပ်သားများရဲ့ စွမ်းရည်နဲ့ များစွာကွာခြားနေမှာ ဖြစ်ပါတယ်။

ပြောင်းလဲမှု၏ အခွင့်အလမ်းကောင်းကို ရယူနိုင်ဖို့အတွက် အနာဂတ်မှာ ပုံပေါ်လာမယ့် လိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ မိမိတို့အနေနဲ့ မိမိတို့ရဲ့ လူမှုအသိုက်အဝန်းများကို အစဉ်အမြဲသင်ယူလေ့လာလျက်ရှိတဲ့ လူမှုအသိုက်အဝန်းများအဖြစ် ပြောင်းလဲရမှာ ဖြစ်ပါတယ်။

အနာဂတ်အလုပ်အကိုင်ဈေးကွက်မှာ ကျွမ်းကျင်မှုလိုအပ်ချက်နဲ့ ကျွမ်းကျင်လုပ်သားရရှိနိုင်မှု အားနည်းတဲ့ အခြေအနေတွေကို ရှောင်ရှားနိုင်ဖို့အတွက် ပုဂ္ဂလိကနှင့်အစိုးရပူးပေါင်းကာ မျိုးဆက်သစ်လုပ်သားများအတွက် ကျွမ်းကျင်မှုကို မြှင့်တင်သွားဖို့ လိုပါတယ်။

ဒီလိုပူးပေါင်းဆောင်ရွက်ခြင်းဟာ အရည်အသွေး၊ နည်းပညာ၊ အခြေခံအဆောက်အဦ၊ ကုန်ကျစရိတ်လျှော့ချခြင်းနဲ့ စီးပွားရေးလုပ်ငန်း ရေရှည်တည်တံ့မှု အလေ့အကျင့်များကို ဖော်ဆောင်ရာမှာ အထောက်အကူပြုမှာဖြစ်စေပြီး၊ စီးပွားရေးလုပ်ငန်းများ စက်မှုအသွင်ကူးပြောင်းမှုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပံ့ပိုးပေးမှာ ဖြစ်ပါတယ်။

**အဆွေတော်များရှင်–**

မြန်မာနိုင်ငံအနေနဲ့ စက်မှုအသွင်ကူးပြောင်းမှု လုပ်ငန်းစဉ်ရဲ့ အစပိုင်းမှာသာရှိနေပေမယ့် မိမိတို့ဟာ အသင့်ဖြစ်အောင် ပြင်ဆင်နေပါတယ်။

လွန်ခဲ့သည့် (၈)နှစ်က မိမိတို့ပြည်သူရဲ့ (၁)ရာခိုင်နှုန်းအောက်သာ အင်တာနက်အသုံးပြုနိုင်ခဲ့ပြီး ဒီနေ့မှာတော့ မြန်မာနိုင်ငံဟာ SIM CARD သုံးစွဲမှု (၁၀၅)ရာခိုင်နှုန်းနဲ့ စမတ်ဖုန်းအသုံးပြုမှု (၈၀)ရာခိုင်နှုန်းရှိပြီး ဒေသတွင်း မိုဘိုင်း အင်တာနက်ကွန်ရက်ကြီးထွားမှု အမြန်ဆုံးနိုင်ငံများထဲမှာ တစ်နိုင်ငံဖြစ်လာပါတယ်။ မိမိတို့ရဲ့ 4G ကွန်ရက် Download မြန်နှုန်းဟာ ကမ္ဘာ့စာရင်းအချက်အလက်များရဲ့ထိပ်တန်းတွင် ပါရှိပါတယ်။

ဒီတိုးတက်မှုကို ဆက်လက်တည်မြဲစေဖို့ မိမိတို့အနေနဲ့ ၂၀၂၂ ခုနှစ်အမီ ပြည်သူအားလုံး ခေတ်မီဆက်သွယ်ရေးစနစ်တွေကို အသုံးပြုနိုင်အောင် Universal Service Strategy ကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့အဆင့်မီ ယူနီကုဒ်ဖောင့်စနစ်ကို မကြာသေးမီက စတင်အသုံးပြုနိုင်ခဲ့ခြင်းကလည်း အင်တာနက်စာမျက်နှာတွေမှာ မြန်မာဘာသာစကားကို အသုံးပြုရေးသားခြင်း/ ဖော်ပြခြင်း (Digital Content Development and Delivery) နဲ့ နိုင်ငံအချင်းချင်းနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ပိုမိုအဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်။

အဲဒီဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ 5G အင်တာနက်စနစ်ကို စတင်အသုံးပြုနိုင်ခဲ့ခြင်းတို့ကလည်း Smart Homes၊ Smart Factories အစရှိတဲ့ အင်တာနက်စနစ်ကို လူနေမှုဘဝမှာ အသုံးချ (Internet of Things) တဲ့နေရာမှာ ဆန်းသစ်တီထွင်မှုရှိတဲ့ နည်းပညာအသစ်တွေကို အသုံးပြုနိုင်ဖို့အတွက် အခွင့်အလမ်းများစွာဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။

- ❑ တီထွင်ကြံဆမှုနဲ့ ဖန်တီးနိုင်စွမ်းတို့အတွက် အစိုးရအနေနဲ့ ဆက်လက်အားပေးသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အဦပိုင်းမှာ အဓိကရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြန်မာနိုင်ငံပိုင် ကမ္ဘာ့လေ့လာရေးဂြိုဟ်တု Myanmar Set 2 ကို လွှတ်တင်ခဲ့ပြီးဖြစ်ရာ ဝေးလံသောဒေသအပါအဝင်တစ်နိုင်ငံလုံးရဲ့ ပေါင်းစပ်ဆက်သွယ်မှုကို တိုးမြှင့်စေမှာဖြစ်
- ❑ မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ Doing Business Star Reformer Award ရရှိခဲ့ပြီး၊ ယခုနှစ်မှာလည်း စီးပွားရေးလုပ်ငန်းတွေ လွယ်ကူစွာလည်ပတ်နိုင်ရန် ပံ့ပိုးပေးနိုင်ဆုံး နိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံပါဝင်

အားလုံးက မျှော်လင့်ထားတဲ့အတိုင်းပဲ မိမိတို့နိုင်ငံမှာရှိတဲ့ စွန့်ဦးတီထွင်စွမ်းရည်ရှိတဲ့ လူငယ်တွေကလည်း ဒီနည်းပညာတိုးတက်မှုတွေကနေပြီး အကျိုးအမြတ်ရမှာ ဖြစ်ပါတယ်။

ဒါတင်မကဘဲ မိမိတို့နိုင်ငံက လူငယ်တွေဟာ နိုင်ငံအတွင်းနဲ့ ဒေသတွင်း Makerthons၊ Hackthons နဲ့ Roboleagues ပွဲတွေကိုလည်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။

မြန်မာနိုင်ငံ သတင်းအချက်အလက်နဲ့ နည်းပညာတက္ကသိုလ်မှ ကျောင်းသားအဖွဲ့ဟာ အာဆီယံ Makerthons ပြိုင်ပွဲမှာ ဆုရရှိခဲ့ဖူးပါတယ်။ အခြားအဖွဲ့တစ်ခုဟာလည်း ၂၀၁၇ ခုနှစ်က ဝါရှင်တန်ဒီစီမြို့မှာ ကျင်းပခဲ့တဲ့ First Global Robotics Challenge မှာ ပါဝင်ခဲ့ပြီး၊ အာဆီယံနိုင်ငံများအကြား ထိပ်ဆုံးဆုရရှိခဲ့ဖူးပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လူငယ်တွေရဲ့ စွမ်းဆောင်ရည်တွေအပေါ် အပြည့်အဝယုံကြည်မှုရှိပါတယ်။

အာရှတိုက်ရဲ့ စပါးကျီလို့ တစ်ချိန်တစ်ခါက တင်စားခံခဲ့ရတဲ့ မိမိတို့မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကလည်း လုပ်သားအင်အားရဲ့ ၅၃ ရာခိုင်နှုန်းခန့်ကို အလုပ်အကိုင်များ ပေးစွမ်းနိုင်ပြီးတော့ နိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းအတွက် စားနပ်ရိက္ခာတွေကို ထောက်ပံ့ပေးလျက်ရှိပါတယ်။

နည်းပညာရဲ့တိုးတက်ပြောင်းလဲမှုတွေက လယ်ယာစိုက်ပျိုးရေးကဏ္ဍကိုလည်း မျက်နှာသာ မပေးခဲ့ပါဘူး။

ကျေးလက်ဒေသတွေမှာ အငယ်စား၊ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများ ထွန်းကားလာမှုဟာ ကျေးလက်နေပြည်သူတွေအတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍအပြင်ဘက်က အခွင့်အလမ်းတွေကို ပေါ်ပေါက်စေခဲ့ပါတယ်။ မိမိတို့အနေနဲ့ ကျေးလက်ဒေသအတွက် ချေးငွေတွေကိုလည်း စနစ်တကျဖြစ်အောင် ပြန်လည်စီမံခဲ့တဲ့အတွက် တရားမဝင်ချေးငွေတွေအတွက် အတိုးနှုန်းတွေကလည်း သိသိသာသာကျဆင်းလာပါတယ်။ အဲဒီစီမံကိန်းရလဒ်ကြောင့် မြစ်ဝကျွန်းပေါ်ဒေသနဲ့အပူပိုင်းဒေသတွေမှာရှိတဲ့ လုပ်ခလစာတွေက ၄၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါတယ်။

ဒါတင်မကဘဲ တောင်သူလယ်သမားတွေ၊ အငယ်စား၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခွင့်အရေးများစွာ ရရှိနေပါတယ်။ ၂၀၁၃ ခုနှစ်ခန့်က သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေမှာ အရင်းအနှီးစိုက်ထည့်နိုင်ခြင်းမရှိခဲ့ပေမယ့် ယခုအခါမှာ သူတို့ရဲ့လယ်မြေရဲ့ ၅၀ ရာခိုင်နှုန်းခန့်မှာ အရင်းအနှီးစိုက်ထည့်နိုင်ခဲ့ပြီး သူတို့ရဲ့ အခွင့်အရေးတွေလည်း တိုးတက်လာတာကို မြင်နိုင်ပါတယ်။

စတုတ္ထ သို့မဟုတ် တတိယ စက်မှုအသွင်ကူးပြောင်းခြင်းဖြင့် အလျင်အမြန်ပြောင်းလဲနေတဲ့ ကာလအတွင်း နည်းလမ်းကောင်းများဖြင့် မြန်မာနိုင်ငံရဲ့ လယ်ယာစိုက်ပျိုးကဏ္ဍ အသွင်ကူးပြောင်းလာခြင်းကို မျက်မြင်တွေ့ရှိရမှာ ဖြစ်ပါတယ်။

ဒ့ါအပြင် မိမိတို့နိုင်ငံရှိ လူငယ်တွေအတွက် အကျိုးကျေးဇူးရှိတဲ့ တီထွင်မှုနှင့် နည်းပညာဆိုင်ရာ ဦးဆောင်သူများဖြစ်လာစေဖို့ အားပေးဆောင်ရွက်လျက်ရှိပါတယ်။

မိမိပြောကြားခဲ့တဲ့အတိုင်း hackathon ပြိုင်ပွဲမှာ အနိုင်ရရှိခဲ့တဲ့ လူငယ်များဟာ စိမ်းလဲ့မြေ(Sein Lae Myay) လယ်ယာနည်းပညာသုံးပရိုဂရမ်ကို တီထွင်ခဲ့ပြီး၊ ယင်းပရိုဂရမ်ဟာ ကျေးလက်နေတောင်သူများအတွက် လယ်ယာထွက်ကုန်၊ ဓာတ်မြေဩဇာနဲ့ စက်ပစ္စည်းဆိုင်ရာ သတင်းအချက်အလက်များကို ဝယ်သူနဲ့ ရောင်းသူများအကြား ချိတ်ဆက်ပေးနိုင်မယ့် အစီအစဉ်တစ်ခု ဖြစ်ပါတယ်။

တီထွင်ကြံဆမှုနဲ့ ဖန်တီးနိုင်စွမ်းတို့အတွက် အစိုးရအနေနဲ့ ဆက်လက်အားပေးသွားမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အဦပိုင်းမှာ အဓိကရင်းနှီးမြှုပ်နှံမှုအနေနဲ့ မြန်မာနိုင်ငံပိုင် ကမ္ဘာ့လေ့လာရေးဂြိုဟ်တု Myanmar Set 2 ကို လွှတ်တင်ခဲ့ပြီးဖြစ်ရာ ဝေးလံသောဒေသ အပါအဝင်တစ်နိုင်ငံလုံးရဲ့ ပေါင်းစပ်ဆက်သွယ်မှုကို တိုးမြှင့်စေမှာ ဖြစ်ပါတယ်။

**အဆွေတော်များရှင်–**

မြန်မာနိုင်ငံကို လာရောက်မယ့် အရည်အသွေးရှိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဝန်ဆောင်မှုပေးနိုင်ဖို့ မိမိတို့၏ မူဝါဒပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနဲ့ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အဦတွေကို မြှင့်တင်နိုင်ရေး ကြိုးပမ်းလျက်ရှိပါတယ်။

ဥပမာပြရမယ်ဆိုရင် လုပ်ငန်းစီမံကိန်းများ လေ့လာရာမှာ လွယ်ကူစေပြီး၊ တင်ဒါများခေါ်ယူရာမှာလည်း ပွင့်လင်းမြင်သာမှုနဲ့ ပြိုင်ဆိုင်မှုကောင်းမွန်စေမယ့် Project Bank နဲ့ နိုင်ငံပိုင်မြေကွက်များ၊ ပစ္စည်းများငှားရမ်းရာမှာ အီလက်ထရောနစ်စနစ်နဲ့ လျှောက်ထားနိုင်မည့် Land and Property Bank စနစ်တို့ကိုလည်း စတင်နေပြီ ဖြစ်ပါတယ်။

ရင်းနှီးမြှုပ်နှံသူများအတွက် လျင်မြန်တဲ့ဝန်ဆောင်မှုတွေ ပေးအပ်နိုင်ဖို့ မိမိတို့အနေနဲ့ Single Window စနစ်ကို စတင်အသုံးပြုနေပြီဖြစ်ပြီး၊ ဒီစနစ်ကတစ်ဆင့် ရင်းနှီးမြှုပ်နှံသူများအနေနဲ့ အစိုးရရုံးအများအပြားကို သွားရောက်ရန်မလိုဘဲ၊ တစ်နေရာတည်းတွင် ခွင့်ပြုမိန့်များ၊ လိုင်စင်များကို ရရှိနိုင်ပြီ ဖြစ်ပါတယ်။

Single Window စနစ်၏ အောင်မြင်မှုကို သီလဝါအထူးစီးပွားရေးဇုန်အတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာမှာ အထင်အရှားတွေ့မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီစနစ်ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ အခြားစီးပွားရေးဇုန်များတွင်လည်း ဆက်လက်အသုံးပြုသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းဖော်ဆောင်နိုင်ရေး ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နိုင်ခဲ့တာကြောင့် ၂၀၁၇ ခုနှစ်မှာ Doing Business Star Reformer Award ရရှိခဲ့ပြီး၊ ယခုနှစ်မှာလည်း စီးပွားရေးလုပ်ငန်းတွေ လွယ်ကူစွာလည်ပတ်နိုင်ရန် ပံ့ပိုးပေးနိုင်ဆုံးနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံ ပါဝင်ပါတယ်။

ဒီလိုကြိုးပမ်းမှုများနှင့် လွန်ခဲ့သည့် ၂ နှစ်တာကာလအတွင်း ဖော်ဆောင်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေကြောင့် မြန်မာနိုင်ငံက နှစ်အနည်းငယ်အတွင်းမှာပင် Ease of Doing Business Index မှာ ၁၇ ဆင့် တိုးတက်သွားသည်ကို တွေ့မြင်နိုင်ပါတယ်။

**အဆွေတော်ရှင်–**

တတိယမြောက် စက်မှုအသွင်ကူးပြောင်းရေးမှ ပေါ်ထွန်းလာသော အသစ်အသစ်သော နည်းပညာများဟာ ယခုစတုတ္ထမြောက် စက်မှုအသွင်ကူးပြောင်းရေးကို ဦးတည်စေခဲ့ပါတယ်။

ဒီလိုကူးပြောင်းလာတာနဲ့အမျှ နိုင်ငံများအားလုံးအနေနဲ့ နည်းပညာအသစ်များရဲ့ အကျိုးသက်ရောက်မှုကို ခံစားရမှာ ဖြစ်ပါတယ်။

ဒီလိုပြောင်းလဲမှုလှိုင်းနဲ့အတူ လိုက်ပါကူးခတ်နိုင်မယ့် နိုင်ငံများဟာ အကျိုးများမှာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံနှင့် အာဆီယံမှာရှိတဲ့ ပညာရှင်များ၊ လူ့အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် အာဆီယံ ၄.၀ ကို လိုက်ပါဆောင်ရွက်သွားရန် မျှော်လင့်ပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးပေးကြတဲ့အတွက် အားလုံးကို လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

အဆွေတော်တို့အားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေ။ ။

# မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း စာတမ်းဖတ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း စာတမ်းဖတ်ပွဲ" အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

စာတမ်းဖတ်ပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာပြန်လုပ်ငန်းတွင် စိတ်ဝင်စားသော ပညာရပ်ဆိုင်ရာ ပညာရှင်များ၊ စာပေပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်း စာတမ်းဖတ်ပွဲ" အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ဘာသာပြန်စာပေသည် အရေးကြီး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က စာပေနှင့် ပတ်သက်လျှင် စာပေတိုင်း စာပေတိုင်းတွင် ဘာသာပြန်စာပေသည် အရေးကြီးပါကြောင်း၊ မြန်မာစာပေတွင် သာမန်အားဖြင့် မြစေတီကျောက်စာမှ စတင်ကာ ပြောလေ့ရှိကြပါကြောင်း၊ အဆိုပါ မြစေတီကျောက်စာသည် ဘာသာလေးမျိုးဖြင့် ရေးထိုးထားခြင်းဖြစ်ရာ မြန်မာစာပေကနဦးအစကတည်းကပင် ဘာသာပြန်ဆိုခြင်း ပြုလုပ်ခဲ့သည်ဟု ဆိုနိုင်ပါကြောင်း။

ကမ္ဘာကို မြန်မာက သိရှိဖို့၊ မြန်မာကို ကမ္ဘာက သိရှိဖို့ဆိုပါက ဘာသာပြန်ဆိုခြင်းနှင့် သွားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာကို မြန်မာသိဖို့ ကမ္ဘာ့သုတရသစာပေများကို မြန်မာဘာသာသို့ ပြန်ဆိုခြင်းပြုလုပ်ရမည်ဖြစ်ပါကြောင်း။

မြန်မာကို ကမ္ဘာကသိဖို့ဆိုလျှင် မြန်မာအကြောင်းအရာများကို အင်္ဂလိပ်ဘာသာ၊ အခြားနိုင်ငံတကာဘာသာများသို့ ပြန်ဆိုခြင်းကို အဓိကထားရမည် ဖြစ်ကြောင်း။

ကမ္ဘာကို မြန်မာသိရှိပါက တိုင်းပြည်နှင့်လူမျိုး အသိပညာ ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်တွင် ဘယ်သူတွေ ဘာတွေ လုပ်ကိုင်နေသလဲ၊ ဘာတွေသိနေမြင်နေသလဲ၊ ပြောဆိုဆွေးနွေးနေသလဲ အစရှိသည်များကို သိရှိနိုင်မည်ဖြစ်ပါကြောင်း။

### တိုးချဲ့လုပ်ကိုင်ရန်လို

အင်္ဂလိပ်ဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုခြင်းအလုပ်၊ ကမ္ဘာ့စာပေကို မြန်မာဘာသာပြန်ဆိုသည့် အလုပ်ကို တိုးချဲ့လုပ်ကိုင်ရန် လိုပါကြောင်း၊ ထိုသို့ပြုလုပ်ခြင်းဖြင့် ကမ္ဘာ့ဆောင်ရွက်ချက်များကို လျင်မြန်စွာ သိရှိနိုင်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း။

### ကမ္ဘာသိအောင် လုပ်ပေးနိုင်

မြန်မာကို ကမ္ဘာသိရန်၊ တိုင်းပြည်၏ ဂုဏ်သိက္ခာအတွက် မိမိတိုင်းပြည်၏ အကြောင်းအရာများကို သူတစ်ပါးသိရှိနိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရေးရာ၊ မြန်မာ့ကိစ္စများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးနိုင်ရန် လိုအပ်ပါကြောင်း၊ မြန်မာကို ကမ္ဘာသိအောင် လုပ်ပေးနိုင်လျှင် နိုင်ငံ၏ဂုဏ်သိက္ခာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည်ဟု မြင်ပါကြောင်း။

ယနေ့ စာတမ်းဖတ်ပွဲသည် မြန်မာကို ကမ္ဘာသိဖို့၊ နားလည်ဖို့ အထောက်အကူပြုဖို့ ရည်ရွယ်သက်ရောက်စေသည့် ဆောင်ရွက်ချက်တစ်ခု ဖြစ်ပါကြောင်း၊ မိမိတို့၏ တိုင်းပြည် အကြောင်းအရာများ၊ စာပေယဉ်ကျေးမှုများ သူတစ်ပါးသိအောင် လုပ်ပေးခြင်းအားဖြင့် ဂုဏ်သိက္ခာရှိပြီး အများလေးစားခံရသည့် အနေအထားများ ရောက်ရှိမည်ကို စဉ်းစားကြည့်လျှင် သိနိုင်ပါကြောင်း။

ယနေ့ကျင်းပသည့် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်း စာတမ်းဖတ်ပွဲမှစတင်၍ ဘာသာပြန်ဆိုသည့်လုပ်ငန်း ပိုမိုတိုးတက်ဆောင်ရွက်နိုင်ကြပါစေ၊ ဘာသာပြန်မှုနှင့် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာသည်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေဟု ဆုမွန်ကောင်း တောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဘာသာပြန်လုပ်ငန်းသည် ယခုမှစတင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ရှေးယခင်နှစ်များစွာကတည်းက အားပေးဆောင်ရွက်လျက် ရှိပါကြောင်း၊ အင်မတန်အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်ဆိုတာကို အလေးအနက်ထား တင်ပြလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာန တိုင်းရင်းသားဘာသာစကား ဦးစီးဌာနက အင်္ဂလိပ်-မြန်မာ၊ မြန်မာ -အင်္ဂလိပ် အဘိဓာန်ကို ပြုစုနေပါကြောင်း။

### အထောက်အကူပြုစေနိုင်

ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများအတွက် အထောက်အကူပြုစေနိုင်မည် ဖြစ်ပါကြောင်း၊ မိမိတို့သည် မြန်မာဘာသာစကားတစ်ခုတည်းကို အားပေးနေခြင်းမဟုတ်ဘဲ တိုင်းရင်းသားပေါင်းစုံ၏ ဘာသာစကားများကိုလည်း အားပေးလျက်ရှိပါကြောင်း ပြောကြားသည်။

နံနက်ပိုင်း စာတမ်းဖတ်ပွဲတွင် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ) နှင့် ဒေါက်တာကျော်ဝင်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာအောင်ကြီးက "မဲဇာတောင်ခြေရတု အင်္ဂလိပ်ဘာသာပြန်ဆိုချက်များကို နှိုင်းယှဉ်လေ့လာခြင်း" စာတမ်းကို လည်းကောင်း၊ ဒေါက်တာဇော်ထွန်းက "ချိုမြမြပျားရည်စက်ကို The Sweet Honey Drop အဖြစ်ခံစားခြင်း" စာတမ်းကို လည်းကောင်း ဖတ်ကြားသည်။

စာတမ်းဖတ်ပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က သဘာပတိများဖြစ်သည့် ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဒေါက်တာကျော်ဝင်း၊ စာတမ်းရှင်များဖြစ်သည့် ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာဇော်ထွန်းတို့ကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

စာတမ်းဖတ်ပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ဒေါက်တာအောင်ကြီးနှင့် ဒေါက်တာဇော်ထွန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ပြီး စာတမ်းရှင် ဒေါက်တာမြင့်ဇံက "ဥပဒေဆိုင်ရာ အသုံးအနှုန်း အယူအဆများကို မြန်မာမှ အင်္ဂလိပ်ဘာသာပြန်ဆိုမှု စိုးစဉ်းမျှ တစေ့တစောင်း" စာတမ်းကို လည်းကောင်း၊ စာတမ်းရှင် ဦးမောင်လှိုင်က "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ရေးနှင့် မျိုးဆက်သစ်တို့၏ အခန်းကဏ္ဍ" စာတမ်းတို့ကို ဖတ်ကြားကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။




စာတမ်းရှင် ဦးမောင်လှိုင်က "မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာပြန်ရေးနှင့် မျိုးဆက်သစ်တို့၏ အခန်းကဏ္ဍ" စာတမ်းကို ဖတ်ကြားစဉ်။ သတင်းစဉ်

### လက်ဆောင်များ ပေးအပ်

မွန်းလွဲပိုင်း စာတမ်းဖတ်ပွဲအပြီးတွင် မြန်မာရေးရာလေ့လာရေးအဖွဲ့ အကြီးတန်းသုတေသနမှူး ဦးအေးမောင်ကျော်က သဘာပတိနှင့် စာတမ်းရှင်များကို မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

စာတမ်းဖတ်ပွဲကို နိုဝင်ဘာ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံက မျှဝေဆောင်ရွက်လိုသည့် သတင်းအချက်အလက်များနှင့် အသိပညာ၊ ဗဟုသုတများကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ကမ္ဘာတစ်ဝန်း ဖြန့်ဝေနိုင်ရေးအတွက် ဘာသာပြန်ဆိုသည့် လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာဘာသာမှ နိုင်ငံခြားဘာသာသို့ ပြန်ဆိုခြင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ မျှဝေဆောင်ရွက်နိုင်ရန်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့် သဘာဝရှုခင်း ရှုကွက်များ၊ အထင်ကရနေရာများနှင့်ပတ်သက်၍ နိုင်ငံတကာမှ ပိုမိုနားလည်သဘောပေါက်လာစေရန်၊ အရည်အသွေးမြင့်မားသော ဘာသာပြန်စာပေများ ထွက်ပေါ်လာစေရန်နှင့် ဘာသာပြန်ကျွမ်းကျင်သူများစုပေါင်း၍ ဘာသာပြန်အသင်းတစ်သင်း ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊ ဘာသာပြန်လုပ်ငန်းကို မျိုးဆက်သစ်လူငယ်များ စိတ်ဝင်စားပါဝင်လာစေရန်တို့ကို ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် /မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ကလေးစာပေပွဲတော် (တောင်ငူ) ဖွင့်ပွဲအခမ်းအနား ကျင်းပ




တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တာဝန်ရှိသူများနှင့် လူရည်ချွန် ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်

**တောင်ငူ နိုဝင်ဘာ ၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်(တောင်ငူ)၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေး၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ညွှန့်ညွှန့်ဌေး၊ တောင်ငူခရိုင် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမိုးထက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးမင်းဝင်းနှင့် နှစ်ထပ်ကွမ်း လူရည်ချွန်ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်၊ စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနား ဒုတိယပိုင်းကို ခပေါင်းခန်းမ၌ကျင်းပရာ ဖြူးမြို့နယ် ရွှေဖြူးကြယ်စင် ဂီတဥယျာဉ်တေးဂီတအဖွဲ့မှ ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော် Theme Song တေးသီချင်းကို သီဆို၍ ဖွင့်လှစ်ပေးသည်။

### အနာဂတ်ကို ထုဆစ်ပုံဖော်

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အနာဂတ်ကို ထုဆစ်ပုံဖော်မည့် ကလေးများ၏ ပုံရိပ်ကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီစဉ်ဆောင်ရွက်ပေးခြင်းသည် ကလေးများအားလုံး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တတ်စွမ်းသရွေ့ တည်ဆောက် အကောင်အထည်ဖော်ပေးခြင်းဖြစ်ပါကြောင်း၊ အရည်အသွေးမြင့်မားသည့် သားကောင်းသမီးမွန်များဖြစ်လာစေရန် ကလေးများ စာပေတွင်မွေ့လျော်ရန် လိုအပ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော်ကို ပဲခူးတက္ကသိုလ်တွင် ၂၀၁၉ ခုနှစ် မတ်လက ကျင်းပနိုင်ခဲ့ပြီး အလားတူ ခရိုင်အဆင့်အနေဖြင့် ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်၊ မြို့နယ်အဆင့်အနေဖြင့် ပဲခူး၊ နတ်တလင်း၊ ကျောက်တံခါးမြို့နယ်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အနာဂတ်၏ခေါင်းဆောင်များဖြစ်လာမည့် ကလေးများကို ဉာဏ်ရည်ဉာဏ်သွေး ဗဟုသုတများ ထက်မြက်လာစေရန်၊ တီထွင်ဖန်တီးလိုစိတ်များ ရင့်သန်လာစေရန်၊ ကလေးများ စာပေနှင့် ရင်းနှီးပြီး စာဖတ်ဝါသနာပါလာစေရန်နှင့် ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် စာပေတွင် ပျော်ရွှင်လာစေရန် ကျင်းပသည့်ပွဲတော်ဖြစ်ပါကြောင်း၊ ပွဲတော်ကြီး စည်ကားသိုက်မြိုက်စေရေးအတွက် တက်တက်ကြွကြွနှင့် ကဏ္ဍအသီးသီးမှ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင် စီမံခန့်ခွဲမှုကော်မတီများ၊ တိုင်း/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဝိုင်းဝန်းကူညီကြသူများအားလုံးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

### ဝိုင်းဝန်းကူညီပေးကြရမည်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ကလေးများအတွက် ဖတ်သင့်သည့်စာ၊ စိတ်ဓာတ်ခွန်အားပေးနိုင်သည့် စာပေများကို ဖတ်ရှုနိုင်ရေးအတွက် ကလေးစာပေများ၊ ကလေးကဗျာများနှင့် ကလေးစာဖတ်ခန်းများ ဖွံ့ဖြိုးလာစေရန် ဝိုင်းဝန်းကူညီပေးကြရမည် ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာတွင် ဒစ်ဂျစ်တယ်နည်းပညာရပ်များ တစ်ဟုန်ထိုး ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကလေးငယ်များ၏ အတွေးအခေါ် အယူအဆနှင့် စိတ်ဓာတ်တို့ကို လွဲမှားပျက်ယွင်းစေမည့် အရာများ၏ စိန်ခေါ်မှုသည် နိုင်ငံတကာတွင် ပျံ့နှံ့လျက်ရှိပါကြောင်း၊ ဤအခြေအနေကို ရင်ဆိုင်ကျော်လွှားရန် အကောင်းဆုံးနည်းလမ်းမှာ ကလေးများအား စာဖတ်ခန်းနှင့် စာကြည့်တိုက်များ အသုံးပြုတတ်သည့် အလေ့အကျင့်ကောင်းများ ရှိလာအောင် ဖန်တီးပေးကြရမည် ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကလေးစာပေပွဲတော်များကို ၂၀၁၆ ခုနှစ်ကတည်းက နေပြည်တော်မှစတင်၍ကျင်းပခဲ့ပြီး နိုင်ငံတော်အဆင့်၊ ခရိုင်အဆင့်နှင့် ဒေသအစီအစဉ်တို့ဖြင့် ကျင်းပခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော် ကိုးကြိမ်၊ ခရိုင်အဆင့် ကလေးစာပေပွဲတော် ၃၈ ကြိမ်၊ ဒေသအစီအစဉ်ဖြင့် ကလေးစာပေပွဲတော် ၁၁ ကြိမ် ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတော်အဆင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးစိုက်သည့် မြို့ကြီးများဖြစ်သော လွိုင်ကော်၊ ဘားအံနှင့် ထားဝယ်မြို့များတွင် လည်းကောင်း၊ ခရိုင်အဆင့် ကလေးစာပေပွဲတော်ကို ခရိုင်အဆင့်မြို့ကြီး ၁၁ မြို့တို့တွင်လည်းကောင်း ကျင်းပနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေပါကြောင်း၊ ရေဝတီတိုင်းဒေသကြီးတွင် တိုင်းဒေသကြီးအစိုးရမတည်ငွေဖြင့် မြို့နယ် ၂၆ မြို့နယ်၌ ကျင်းပရန်စီစဉ်ဆောင်ရွက်လျက်ရှိပြီး နိုဝင်ဘာ ၁ ရက်က ချောင်းသာမြို့မှစတင်၍ ကလေးစာပေပွဲတော်ကို ကျင်းပလျက်ရှိပါကြောင်း ပြောကြားသည်။

### ဆက်လက်ဖျော်ဖြေ

ယင်းနောက် တောင်ငူခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများက ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဆက်လက်ဖျော်ဖြေကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဧည့်သည်တော်များသည် ပွဲတော်အတွင်း အသိပညာပေးပြခန်း၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားနည်းများ၊ စာအုပ်ပြခန်းနှင့် စာအုပ်အရောင်းဆိုင်များ၊ စာပေဟောပြောပွဲ၊ ကျပန်း၊ ကဗျာ၊ ပုံပြော၊ အရုပ်ဆက်၊ အိမ်ဆောက်၊ စက္ကူခေါက်၊ စကားပုံဆက်၊ ဆေးရောင်ခြယ်၊ ပန်းချီနှင့် စာဖတ်စွမ်းရည် စသည့်ပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ခရိုင် (ပြန်/ဆက်)**



တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်တွင် ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။ သတင်းစဉ်

# ကလေးစာပေပွဲတော် (တောင်ငူ) ပထမနေ့ လာရောက်ဆင်နွှဲကြသူများဖြင့် စည်ကားများပြား

**တောင်ငူ နိုဝင်ဘာ ၂**

ကလေးစာပေပွဲတော် (တောင်ငူ) ပထမနေ့ကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ယနေ့ နံနက်ပိုင်းမှ စတင်ကျင်းပရာ တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်မှ ပွဲတော်လာရောက်လေ့လာသူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ပွဲတော်ပထမနေ့ စာပေဟောပြောပွဲတွင် စာရေးဆရာ ဇော်ဇော်က "မိဘကိုစောင့်ရှောက် ချမ်းသာရာသို့ရောက်နှင့် ရိုးသားမှု'' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ အောင်ခန့်ဖြိုးဝေ(တောင်ငူ)က "ဓမ္မတာကဗျာမျက်ဖြေလွှာ စာအမြုတေရတနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးကြသည်။

### ကြည့်ရှုလေ့လာ

ထို့ပြင် နှစ်တစ်ရာကျော်က တောင်ငူမြို့ မှတ်တမ်းဓာတ်ပုံများ စုစည်းမှုပြခန်း၊ ကျောက်စာပြခန်း၊ အာကာသနှင့် စကြဝဠာ သင်ကြားရေး အထောက်အကူပြုပစ္စည်းများပြခန်း၊ အလင်းသစ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ၂၁ ရာစု သင်ကြားသင်ယူမှုပြခန်း၊ Myanmar Institute of Business and Technology(MBT) ပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ကွန်ပျူတာ ဂိမ်းကစားနည်းပြခန်း၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပြခန်း၊ မူးယစ်ဆေးဝါး အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်များပြခန်း၊ အီလက်ထရွန်နစ်ထုတ်ကုန်ပြခန်းနှင့် အခြေခံပညာကျောင်းပြခန်းများကိုလည်း ခင်းကျင်းပြသထားရာ ကြည့်ရှုလေ့လာသူများနှင့် စည်ကားများပြားလျက်ရှိသည်။

### ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

ထို့ပြင် ကလေးငယ်များအတွက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကရင်၊ ကယား၊ မွန်၊ ရှမ်းနှင့် ပအိုဝ်း တိုင်းရင်းသားတို့၏ ကိုယ်ပိုင်ဘာသာစကားဖြင့် ကဗျာရွတ်နှင့် ပုံပြော၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ အရုပ်ဆက်၊ စကားပုံဆက်ပြိုင်ပွဲနှင့် ဂိမ်းကစားနည်းများတွင် ပွဲတော်လာရောက်ကြသော ကလေးငယ်များက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပြီး စာအုပ်အရောင်းဆိုင်များတွင်လည်း ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)၊**

**ဓာတ်ပုံ - သူရ(တောင်ငူ)**



တောင်ငူမြို့ ကလေးစာပေပွဲတော်တွင် ပန်းချီဆေးရောင်ခြယ်နေသည့် တိုင်းရင်းသူလေးများကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အာဆီယံ-ကိုရီးယားဝန်ကြီးများ အစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် အာရှဒေသသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization-AFoCO) နှင့် ကိုရီးယားသစ်တောဌာန (Korea Forest Service-KFS)၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ Lotte Hotel တွင် ကျင်းပသော အာရှဒေသသစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization-AFoCO) ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် အာဆီယံ-ကိုရီးယား ဝန်ကြီးများအစည်းအဝေးများသို့ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့နှင့်အတူ တက်ရောက်သည်။**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်ကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး သည် အောက်တိုဘာ ၃၀ ရက်၌ အာရှဒေသ သစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization-AFoCO) ဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး သစ်တောများ ထာဝစဉ်တည်တံ့ရေးနှင့် စနစ်တကျအသုံးပြုရေးသည် မိမိတို့အတွက်သာမက မိမိတို့၏ အနာဂတ် မျိုးဆက်သစ်များအတွက် အထူးအရေးကြီးပါကြောင်း၊ သို့သော်လည်း မြန်မာနိုင်ငံအပါအဝင် အာရှနှင့် ပစိဖိတ် ဒေသတွင်းနိုင်ငံများတွင် သစ်တောပြုန်းတီးခြင်းနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ လျော့နည်းဆုံးရှုံးလာလျက်ရှိပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့်အတူ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ရာသီဥတုပြောင်းလဲခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးလာခြင်း၊ ဆင်းရဲနွမ်းပါးမှု ပိုမိုများပြားလာခြင်းနှင့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို ရင်ဆိုင်ကြရလျက်ရှိပါကြောင်း။

**ဒေသတွင်း သစ်တောထိန်းသိမ်းရေး**

ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရေးနှင့် တောနိမ့်တောပျက်များ ပြန်လည်တည်ထောင်ရေး လုပ်ငန်းများကိုလည်း မိမိနိုင်ငံ၏ လိုအပ်ချက်ပြည့်မီရုံသာမက စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDG)၊ ဘွန်းစိန်ခေါ်မှုများနှင့် ပဲရစ်သဘောတူညီချက်အစရှိသည့် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းနိုင်ရေးအတွက်ကိုပါ ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဒေသ သစ်တောပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (AFoCO) ၏ အထောက်အပံ့ဖြင့် မော်ဘီမြို့နယ်တွင် တည်ထောင်ထားသော သစ်တောကဏ္ဍဆိုင်ရာ ဒေသအဆင့် ပညာရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း (Regional Education and Training Centre-RETC) တွင် AFoCO အဖွဲ့ဝင်နိုင်ငံများအတွက် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါကြောင်း၊ AFoCO အဖွဲ့ အစည်းအနေဖြင့် အနာဂတ်ကာလတွင်လည်း အဖွဲ့ဝင်နိုင်ငံများ၏ သစ်တောကဏ္ဍဆိုင်ရာ နည်းပညာများ၊ ရန်ပုံငွေနှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းဆောင်ရွက်ရာတွင် အထောက်အကူပြုစေနိုင်ရေး၊ ဒေသတွင်း သစ်တောထိန်းသိမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးရေး ဆွေးနွေးသည်။

**သီးခြားစီ တွေ့ဆုံဆွေးနွေး**

အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံ ရေ၊ မြေယာနှင့် သဘာဝသယံဇာတ ဝန်ကြီးဌာန ဝန်ကြီး Mr. Xavier Jayakumai Arulanandan နှင့်အဖွဲ့နှင့် ကိုရီးယားသစ်တောဌာန (Korea Forest Service-KFS) ဝန်ကြီး Dr. Kim Jea Hyun နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဆီယံ-ကိုရီးယားဝန်ကြီးများ အစည်းဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးရာ၌ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သည် ၁၉၉၉ ခုနှစ်မှ စတင်ပြီး သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံ-ကိုရီးယား ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံကိန်း၊ အာဆီယံ-ကိုရီးယား သစ်တောပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများ အထောက်အပံ့ဖြင့် သစ်တောများ ပြန်လည်တည်ထောင်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း (REDD+)နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံမှ အဆိုပြုသော အာဆီယံ-ကိုရီးယား အထိမ်းအမှတ် သစ်တောဥယျာဉ် တည်ထောင်ရေးကိုလည်း ကြိုဆိုပါကြောင်း။

**တောမီးထိန်းချုပ်ခြင်း စီမံကိန်းများ**

အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization - AFoCO) ၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံ သစ်တောဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်းစိုက်ခင်းတွင် ကျရောက်သော ပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်း သုတေသနစီမံကိန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအင်တာပရိုက်များ အခြေပြုစံပြသစ်တောများ တည်ထောင်ရေးဆိုင်ရာ သုတေသနစီမံကိန်းများနှင့် တောမီးထိန်းချုပ်ခြင်းဆိုင်ရာ သုတေသနစီမံကိန်းများ စတင်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

အာရှသစ်တော ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Co-operation Organization - AFoCO) ၏ ဝန်ကြီးအဆင့် အစည်းအဝေးသို့ အဖွဲ့ဝင် ၁၄ နိုင်ငံမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ခဲ့ပြီး အာဆီယံ-ကိုရီးယား အဆင့်မြင့်အရာရှိကြီးများ ဆွေးနွေးပွဲသို့ ကိုရီးယားနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း အောက်တိုဘာ ၂၉ ရက်တွင် ကိုရီးယား အမျိုးသားသစ်မျိုးစုံ ဥယျာဉ်နှင့် အောက်တိုဘာ ၃၀ ရက်တွင် Korea Furniture Museum လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကယားပြည်နယ်အတွင်း ထိခိုက်လွယ်အုပ်စုများအား ထောက်ပံ့ငွေများပေးအပ်

**လွိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများနှင့် မိခင်ဝိုင်းများအား လူမှုကာကွယ်စောင့်ရှောက်ရေးအထောက်အပံ့များ ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်အစိုးရခန်းမ၌ ကျင်းပသည်။

**မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးရရှိစေရန်**

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ အခမ်းအနားသည် ထိခိုက်လွယ်အုပ်စုထဲတွင် ပါဝင်သည့် မသန်စွမ်းသူများနှင့် ရှေးဦးအရွယ်ကလေးသူငယ်များအတွက် ငွေကြေးထောက်ပံ့ခြင်း ဖြစ်ကြောင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များသည် ကိုယ်ဝန်ဆောင်ချိန်မှစ၍ သက်ကြီးရွယ်အိုအထိ ဆောင်ရွက်ပေးရသောကြောင့် ကျယ်ပြန့်ပါကြောင်း၊ လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ရန် ဥပဒေ၊ နည်းဥပဒေနှင့် မဟာဗျူဟာများ ရေးဆွဲဖော်ဆောင်ရကြောင်း၊ အနာဂတ်လူ့စွမ်းအားအရင်းအမြစ်များ ကောင်းမွန်စေရန် မျှော်မှန်းချက်ထားကာ ကိုယ်ဝန်ဆောင်မိခင်နှင့် ၎င်းမှမွေးဖွားသော အသက်(၂)နှစ်အောက်ကလေးငယ်များ ငွေကြေးထောက်ပံ့ခြင်းနှင့် ပညာပေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကယားပြည်နယ် ပါဝင်ပါကြောင်း၊ ရှေးဦးအရွယ်ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုများရရှိစေရန် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကိုလည်း ဖော်ဆောင်ပေးပြီးဖြစ်ကြောင်း၊ လူငယ်များ၏ ရပ်တည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် လူငယ်ရေးရာမူဝါဒကို လူငယ်များကိုယ်တိုင် ပါဝင်ရေးဆွဲစေခဲ့ပြီး အကောင်အထည်ဖော်လျက်ရှိကြောင်း၊ မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးအပြည့်အဝရရှိစေရန် ဥပဒေနှင့် နည်းဥပဒေကို ဖော်ဆောင်ပြီး အမျိုးသားကော်မတီကို ဖွဲ့စည်း၍ ရေရှည်တွင် မသန်စွမ်းသူများ၏ စွမ်းနိုင်မှုအလိုက် ပိုမိုကောင်းမွန်စနစ်ကျသော ပံ့ပိုးကူညီမှုများရရှိအောင် ကြိုးပမ်းလျက်ရှိကြောင်း၊ ယခုထောက်ပံ့မှုများသည် ကနဦးထောက်ပံ့မှုများသာဖြစ်ကြောင်းနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် မိမိတို့ဝန်ကြီးဌာနတစ်ခုတည်း ဆောင်ရွက်၍မရသောကြောင့် ပြည်သူများ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများက အားလုံးဝိုင်းဝန်းပူးပေါင်းပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများနှင့် မိခင်ဝိုင်းများအား လူမှုကာကွယ် စောင့်ရှောက်ရေးအထောက်အပံ့များ ပေးအပ်ပွဲသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မိမိတို့ပြည်နယ်အတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များနှင့် ထောက်ပံ့မှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ရည်မှန်းချက်အောင်မြင်အောင် ပြည်သူများအားလုံးက ဆက်လက်ပူးပေါင်းကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကယားပြည်နယ်အတွင်းရှိ မိခင်ဝိုင်း ၃၀ အတွက် ဝိုင်းခေါင်းဆောင်ထောက်ပံ့ငွေနှင့် ကလေးငယ်များ၏ နေ့လယ်စာအာဟာရ သုံးလစာအတွက် ထောက်ပံ့ငွေကျပ် ၁၅၃ သိန်း၊ မသန်စွမ်းသူ ၁၀၂၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၃၀၈ သိန်း ၄ သောင်းတို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်လာကြသော မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေများကို လက်ဝယ်အရောက်ပေးအပ်ခြင်း၊ ကလေးငယ်များအား အာဟာရမုန့်နှင့် ကစားစရာအရုပ်များ ပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘေးအန္တရာယ်ကင်းရှင်း လုံခြုံစိတ်ချရသော သွေးသွင်းကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**ရန်ကုန်  နိုဝင်ဘာ ၂**

ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော သွေးသွင်းကုသနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အမျိုးသားသွေးဌာန (ရန်ကုန်)၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့အစည်းအဝေးသည် ဘေးအန္တရာယ်ကင်း၍ လုံခြုံစိတ်ချရသော သွေးများရရှိရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အရပ်ရပ်ကို လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံနှင့် သင့်တော်သော၊ လက်တွေ့လုပ်ဆောင်နိုင်သော နည်းလမ်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ဖြစ်ပါကြောင်း။

**စိတ်ချရသော သွေးနှင့်သွေးပစ္စည်းများ သုံးစွဲနိုင်ရေး**

အမျိုးသားသွေးဌာန(ရန်ကုန်) အနေဖြင့်၂၀၁၈ ခုနှစ်အတွင်း သွေးယူနစ်ပေါင်း ၉၆၀၀၀ ကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး သွေးလှူရှင်အားလုံးမှာလည်း အခကြေးငွေမယူသော မိမိဆန္ဒအလျောက် လှူဒါန်းသော စေတနာရှင် သွေးလှူရှင်များဖြစ်ကြောင်း တွေ့ရှိရသည်မှာ အလွန်ကောင်းမွန်ပါကြောင်း၊ အမျိုးသားသွေးဌာန(ရန်ကုန်)တစ်ခုတည်း ကောင်းမွန်ဖွံ့ဖြိုးတိုးတက်နေရုံဖြင့် မလုံလောက်ဘဲ အခြားတိုင်းဒေသကြီး/ ပြည်နယ်ဆေးရုံကြီးများ၏ သွေးဌာနများ စနစ်တကျ ကောင်းမွန်ဖွံ့ဖြိုးလာရေးမှာ အထူးအရေးကြီးပါကြောင်း၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင်လည်း အမျိုးသားသွေးဌာန(ရန်ကုန်) ကဲ့သို့ ခေတ်မီစနစ်ကျသော သွေးဌာနများ ဖွင့်လှစ်သွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ တက်ရောက်လာကြသူ ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒပညာရှင်များနှင့်အတူ အဏုဇီဝပညာရှင်များအားလုံးက မိမိတို့၏ လက်ရှိအခြေအနေ၊ အားနည်းချက်နှင့် လိုအပ်ချက်များကို လေ့လာသုံးသပ်ဆွေးနွေးတင်ပြရန် လိုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းမူဘောင်နှင့်လမ်းပြမြေပုံကိုလည်း ရေးဆွဲတင်ပြစေလိုပါကြောင်း၊ ဘေးအန္တရာယ်ကင်း၍ စိတ်ချရသော သွေးနှင့်သွေးပစ္စည်းများ ရရှိသိုလှောင်ဖြန့်ဖြူးသုံးစွဲနိုင်ရေးအတွက် လုပ်ငန်းလမ်းညွှန်များကိုလည်း အမျိုးသားဌာန(ရန်ကုန်) မှ ဦးစီး၍ ပြုစုထုတ်ဝေဖြန့်ဖြူးသွားရမည် ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရသော သွေးသွင်းကုသနိုင်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဘေးအန္တရာယ်ကင်း၍ စိတ်ချရသော သွေးနှင့် သွေးထွက်ပစ္စည်းရရှိအသုံးပြုနိုင်ရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးဆွဲထားပြီးဖြစ်သော အမျိုးသားသွေးမူဝါဒ (National Blood Policy) ကို အစိုးရအဖွဲ့သို့ တင်ပြအတည်ပြု ချက်ရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူ အသီးသီးအနေဖြင့် အန္တရာယ်ကင်းစိတ်ချရသော သွေးသွင်းကုသနိုင်ရေးအတွက် မိမိကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားဆောင်ရွက်ကြပြီး ဝန်ကြီးဌာနမှလည်း လိုအပ်ချက်များကို ပံ့ပိုးပေးပါက မအောင်မြင်နိုင်စရာမရှိပါကြောင်း၊ ပြည်သူလူထုအားလုံး၏ အကျိုးစီးပွားနှင့် ကျန်းမာရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းဆွေးနွေးအကြံပြု**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာအောင်နှင့် အမျိုးသားသွေးဌာန (ရန်ကုန်) ၏ အကြံပေးပညာရှင် Mr. Hiro Konishi တို့က မြန်မာနိုင်ငံတစ်ဝန်းရှိ ဆေးရုံ ၂၆ ရုံရှိ သွေးဌာနများကို လေ့လာဆန်းစစ်တွေ့ရှိခဲ့မှုအခြေအနေနှင့် ပိုမိုကောင်းမွန်စေရေး အကြံပြုချက်များကို တင်ပြခဲ့ပြီး တက်ရောက်လာသော ဆေးရုံအုပ်ကြီးများ၊ ရောဂါဗေဒပညာရှင်များ၊ အဏုဇီဝပညာရှင်များ၊ သွေးဗေဒပညာရှင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကမာရွတ်အ.ထ.က(၃) လေးထပ်ကျောင်းဆောင်သစ် ပညာရေးဌာနသို့ အပ်နှံ

**ရန်ကုန်  နိုဝင်ဘာ ၂**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊အမှတ်(၆)ရပ်ကွက် နာနတ်တောလမ်းရှိ အ.ထ.က(၃) ကျောင်းဝင်းအတွင်း တည်ဆောက်ပြီးစီးသွားသော လေးထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ အပ်နှံပွဲကို အောက်တိုဘာ ၂၉ ရက်က ယင်းကျောင်းဆောင်



သစ်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ကမာရွတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းဆောင်တည်ဆောက်သည့် ပြည်မဟာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်လင်းအောင်နှင့်မိဘဆရာအသင်း နာယကတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (ဓာတ်ပုံ)

ယခု တည်ဆောက်ပေးခဲ့သော လေးထပ်ကျောင်းဆောင်သစ်နေရာတွင် ယခင်က နှစ်ထပ်သစ်သားကျောင်းဆောင်ရှိခဲ့ပြီး မီးလောင်ဆုံးရှုံးမှုဖြစ်ခဲ့ရသည်။

ယခုအခါ ပေ ၁၀၀-ပေ ၃၀ (R.C) လေးထပ်ကျောင်းဆောင်သစ်နှစ်ဆောင်အဖြစ် ပညာရေးဌာန၏ တာဝန်ပေးမှုအရ ပြည်မဟာကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **ကိုကြီးတင်**

# နေပြည်တော်မိသားစု ပရဟိတအသင်းမှ တတိယအကြိမ် ဆီမီး ၅၀၀၀ ကပ်လှူပူဇော်ပွဲနှင့် နိဗ္ဗာန်စျေးကုသိုလ်ပြုပွဲတော် ကျင်းပမည်

**နေပြည်တော်  နိုဝင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်မိသားစုပရဟိတအသင်း(Facebook Group) က ဦးဆောင်၍ တတိယအကြိမ်မြောက် ဆီမီး ၅၀၀၀ ကပ်လှူပူဇော်ပွဲနှင့် နိဗ္ဗာန်စျေးကုသိုလ်ပြုပွဲတော်ကို နေပြည်တော် ပုဂံဟု တင်စားခေါ်ဝေါ်သော ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ သိမ်ကျောင်းတိုက်ရှိ ရှေးဟောင်းစေတီတော်များတွင် နိုဝင်ဘာ ၁၀ ရက် ညနေ ၇ နာရီခွဲ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆီမီး ၅၀၀၀ ကပ်လှူပူဇော်ပွဲနှင့် နိဗ္ဗာန်စျေးကုသိုလ်ပြုပွဲတော်သို့ မည်သူမဆို ကုသိုလ်တော်ပါဝင်၍ ကုသိုလ်ပြုနိုင်ကြောင်းနှင့် ကုသိုလ်ပြုပါဝင်လှူဒါန်းလိုပါက ဦးမျိုးမင်းထက် ဖုန်း ၀၉-၂၅၀၀၉၆၆၅၄၊ ဦးပိုင်ထူး ၀၉-၄၅၉၁၀၃၃၉၉၊ ဦးနေထိုက် ၀၉-၉၆၉၇၃၁၁၀၄ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

● *ကျောဖုံးမှ*

ယင်းပွဲတွင် ပွဲချိန် ၂၁ မိနစ်၌ တိုက်စစ်မှူး ထရီဇီဂတ်က အက်စ်တွန်ဗီလာအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့ပြီး ဒုတိယပိုင်း ၈၇မိနစ်တွင် မာနေး၏ ဖြတ်တင်ဘောလုံးကို ရိုဘတ်ဆန်က ခေါင်းတိုက်သွင်းကာ လီဗာပူးတို့ ချေပဂိုးရရှိခဲ့သည်။ လီဗာပူးအတွက် အနိုင်ဂိုးကို မိနစ်ကိုးဆယ်ပြည့်ပြီး နာကျင်အချိန်ပိုတွင် ထောင့်ကန်ဘောမှတစ်ဆင့် မာနေးက ခေါင်းတိုက်သွင်းယူခဲ့သည်။ လီဗာပူးသည် ၃၁ မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်နေသည်။

အခြားပွဲစဉ်များတွင် အာဆင်နယ်နှင့် ဝုဖ်လ်ပွဲ၌ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဘရိုက်တန်က နော့ဝှစ်ချ်ကို နှစ်ဂိုး-ဂိုးမရှိ၊ မန်စီးတီးက ဆောက်သမ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ ရှက်ဖီးလ်ယူနိုက်တက်က ဘန်လေကို သုံးဂိုး-ဂိုးမရှိနှင့် နယူးကာဆယ်က ဝက်စ်ဟမ်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **သီဟ**

※ *ကျောဖုံးမှ*

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅၉ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုကို အတည်ပြုမိန့်များ ထုတ်ပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၂၅၀ ဒသမ ၂၅၁ သန်းနှင့် မြန်မာကျပ်ငွေ ၃၆၅၈၄ ဒသမ ၀၁၁ သန်းရရှိခဲ့ကာ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၉၃၄၂၇ ကို ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ ယခင်ခွင့်ပြုခဲ့သည့် လုပ်ငန်းများမှလည်း စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈၅၈ သန်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၁၃၇၃ ကို ထပ်တိုးဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စာရင်းများအရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများအနေဖြင့် မတည်ငွေရင်းပမာဏအမေရိကန်ဒေါ်လာ ငါးသန်း (သို့မဟုတ်) ကျပ်သန်း ၆၀၀၀ အထိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ အတည်ပြုမိန့် လျှောက်ထားလွှာများကို ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ စိမ်းလဲ့မေလမ်းသွယ်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်းနံပါတ် ၀၁- ၆၅၈၂၆၃ သို့ ဆက်သွယ်မေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တောင်ငူခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( တောင်ငူမြို့ )
၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ (၂၊ ၃)ရက်၊ (စနေ၊ တနင်္ဂနွေ)နေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ
မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။
ခပေါင်းခန်းမ၊ တောင်ငူမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
( အိမ်မဲမြို့ )
၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၆၊၇)ရက်၊(ဗုဒ္ဓဟူး၊ကြာသပတေး)နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
ရွှေညီလာခန်းမ ၊ အ.ထ.က(၁) ၊ အိမ်မဲမြို့။

# သန်လျင်မြို့နယ် ကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ပူးပေါင်းကျင်းပခဲ့သော ၂၀၁၉ ခုနှစ် ကျောင်းသားအားကစားပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၃ နာရီက သန်လျင်မြို့ သီဟဒီပအားကစားကွင်း၌ ကျင်းပသည်။




အစီအစဉ်အရ ကျောင်းသားကျောင်းသူလေးများက အာရှမြန်မာနှင့် ထာဝရသစ္စာ တေးသီချင်းများကို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရ အ.ထ.က(၂) သန်လျင်၊ ဒုတိယဆုရ အ.ထ.က(ဂျမား)၊ တတိယဆုရ အ.ထ.က(၃)တို့အား ငွေသားဆုနှင့် တံခွန်စိုက်ဆုတို့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ သန်လျင်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုထွန်း၊ ခရိုင်အားကစားမှူး ဦးမြအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ၊ အားကစားနည်းအလိုက် ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သန်းဝင်း(သန်လျင်)**

○ *ကျောဖုံးမှ*

ခင်သန်းဝေ၊ ခင်မျိုးဝင်း၊ ချစ်ချစ်၊ ခိုင်သဇင်၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ **အလယ်တန်း**– ခင်မာလာထွန်း၊ ခင်မိုမိုထွန်း၊ သင်းသင်းယု၊ ငယ်ငယ်ထွေး၊ ခိုင်သဇင်ဦး၊ ရီရီဦး၊ လဲ့လဲ့လှိုင်၊ မြတ်နိုးခင်၊ နုနု၊ ခင်မိုးဝေ၊ မေသူကျော်၊ ပုံ့ပုံ့ပြည့်မောင်၊ **ရှေ့တန်း**–ဂျူလိုင်ကျော်၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်တို့ ပါဝင်ကြသည်။

မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၈ ရက်မှ ၁၄ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တရုတ်ကလပ်အသင်းနှင့် တစ်ပွဲ၊ တရုတ်လူငယ်လက်ရွေးစင်အသင်းနှင့် နှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစမ်းပွဲများအဖြစ် နိုဝင်ဘာ ၁၀ ရက်တွင် တရုတ်အမျိုးသမီးလိဂ် ချန်ပီယံ ကျန်းစုဆန်နင်းကလပ်အသင်း၊ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၄ ရက်တွင် တရုတ်လူငယ် လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၈ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး နိုဝင်ဘာ ၁၅ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည် ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအတွက် စက်တင်ဘာ ၁၆ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး နိုဝင်ဘာ ၂ ရက်အထိ ပြည်တွင်းခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ ခုနစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာ ၂ ရက်က ကစားသည့် မြန်မာ့လက်ရွေးစင်ဟောင်း အမျိုးသားအသင်းနှင့် ခြေစမ်းပွဲတွင် လေးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် နိုဝင်ဘာတွင် နိုင်ငံတကာခြေစမ်းပွဲများ ဆက်တိုက်ကစားမည်ဖြစ်ပြီး တရုတ်ခြေစမ်းခရီးစဉ်ပြီးပါက နိုဝင်ဘာ ၂၀ ရက်တွင် တရုတ်(တိုင်ပေ)လက်ရွေးစင်အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားမည် ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းများ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အုပ်စုပတ်လည်ပြိုင်ပွဲများကို ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ ရွှေပင်လုံခရစ်ကက်ကွင်း၌ လည်းကောင်း ကျင်းပသည်။

"ကျွန်မတို့ နှစ်စဉ် လူသစ်တန်း၊ အလွတ်တန်း၊ နွေရာသီပြိုင်ပွဲတွေ ကျင်းပတယ်။ ဒီပြိုင်ပွဲကနေ လက်ရွေးစင်တွေလည်း ထွက်ပေါ်ပါတယ်။ ပြိုင်ပွဲကနေ တိုင်းဒေသကြီးနဲ့ အဖွဲ့ချုပ်အတွက် မျိုးဆက်သစ်လူငယ်တွေ မွေးထုတ်ပေးတဲ့ ပြိုင်ပွဲလည်းဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ခရစ်ကက်ဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်တိုးတိုးစိန်က ပြောသည်။ ယင်းပြိုင်တွင် အမျိုးသားအသင်း ၃၂ သင်း၊ အမျိုးသမီးအသင်း ၂၄ သင်းတို့က နိုဝင်ဘာ ၅ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**အေကေလင်း**



အထက(၆) ဗိုလ်တထောင်၌ လူသစ်တန်း ခရစ်ကက်အုပ်စုပတ်လည်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြစဉ်။



လပွတ္တာမြို့နယ်အတွင်းရှိ လပွတ္တာ – သဃ်န်းကြီး – ပြစ်စလူကားလမ်း မိုင်တိုင်အမှတ် ၂ မိုင် ၆ ဖာလုံနှင့် ၂ မိုင် ၇ ဖာလုံအကြားတွင် ရွေးမြစ်ရေတိုက်စားမှုကြောင့် အလျားပေ ၅၀ ခန့် ကမ်းပြိုခဲ့ရာ ကမ်းပြိုကျမှုဆက်လက်မဖြစ်ပေါ်စေရေးနှင့် လမ်းပျက်စီးမှုမရှိစေရေးအတွက် နိုဝင်ဘာ ၁ ရက်ကစ၍ လမ်းဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော အောက်တိုဘာလ ၂၆ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | Documentary | J–Me | အိပ်မက်သစ် | ၂၅၀၀ |
| ၂။ | တန်ဖိုးလေးတော့ ထားစေချင်နှင့် မဂ္ဂဇင်းဝတ္ထုတိုများ | မိုမိုစု(ဆေးတက္ကသိုလ်) | Global Peace Group | ၂၅၀၀ |
| ၃။ | အနာဂတ်ကို မိမိကိုယ်တိုင်ဖန်တီးဖို့လိုတယ် | ဒေါက်တာအောင်ထွန်းသက် | မဇ္ဈိမ | ၁၀၀၀ |
| ၄။ | ကံထူးကံမြင့် လာဘ်ပွင့်စေကြောင်း အဓိဋ္ဌာန်ကျင့်စဉ်ကောင်းများ | သစ်တံခါးဆရာတော် | ဟိန်းထက် | ၃၀၀၀ |
| ၅။ | မြို့ဟောင်း ၅ မြို့မှ မဟာဗောဓိ အဓိဋ္ဌာန်စက်ကြီး | သစ်တံခါးဆရာတော် | ဟိန်းထက် | ၃၅၀၀ |
| ၆။ | သောကြာကြယ်သို့ပေးစာ | သက်ထားခင် | ကိုလတ် | ၂၀၀၀ |
| ၇။ | လွမ်းရောဝတီ | ဇော်ဇော်အောင် | ရန်ကုန်လမ်းမများ | ၄၀၀၀ |
| ၈။ | သောတာပန်မဖြစ်ကြလည်း လောကခံကို ချစ်ရစမြဲ | ဆန်းကျော်စွာဝင်း | ကိုလတ် | ၃၀၀၀ |
| ၉။ | Basic English Grammar | စလေ ဦးအောင်ဝင်းစိန် | – | ၁၈၀၀ |
| ၁၀။ | ခရီးသွားပန်းချီဆရာနှင့် ပြာလွင့်လွင့် ကောင်းကင်အောက်က ဩစတြေးလျ | ထက်ကျော်ခေါင် | ရှင်မတောင် | ၃၀၀၀ |
| ၁၁။ | သတ္တမနေ့ | တော်ကောင်းမင်း | ငါတို့စာပေ | ၄၀၀၀ |
| ၁၂။ | မြေဖြူခဲပန်းချီဆရာလေး ကောင်းကောင်း | လင်းထိုက် | ကနေဒီ | ၁၀၀၀ |
| ၁၃။ | သင့်အတွက် အင်္ဂလိပ်သီချင်းများ | တက္ကသိုလ်ဇေယျ | သင့်အတွက်စာပေ | ၃၀၀၀ |
| ၁၄။ | ဟောလိဝုဒ်ကြယ်ပွင့်တို့နှင့် တွေ့ဆုံခြင်း | စိုးသိဏ်း | နှစ်ကာလများ | ၃၀၀၀ |
| ၁၅။ | စွမ်းရည်မြင့်မား အကျင့်ခုနစ်ပါး | စတီဗင်းအာစရိကိုဝေး | ရုပ်ပြောင် | ၃၀၀၀ |
| ၁၆။ | ဝတ္ထုတိုပေါင်းချုပ် | သစ္စာနီ | နှစ်ကာလများ | ၁၀၀၀၀ |
| ၁၇။ | ပင်ကိုမူလဂုဏ်ရည် | အောင်စိုးဦး(မြင်းခြံ) | Development Association | ၆၀၀၀ |
| ၁၈။ | သိမှတ်ဖွယ်ရာဗဟုသုတ အဖြာဖြာ (၂၀၁၉) | ပြန်/ဆက်ဦးစီးဌာန | ကြယ်စင်စာပေ | ၄၀၀၀ |

✪ *ကျောဖုံးမှ*

ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းမှ ငါးဂိုး–ဂိုးမရှိဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသည်။

နိုဝင်ဘာ ၃ ရက် အုပ်စုပွဲစဉ်များအဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၁)၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့သည် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားကြမည် ဖြစ်သဖြင့် ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖယ်ခုံ၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်း ၅၇ ဒသမ ၅ ဧကခန့် ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂**

ဖယ်ခုံမြို့မရဲစခန်းမှူး ဒုတိယရဲမှူး ကျော်ဇေအောင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က ဖယ်ခုံမြို့နယ် လတိန်ကျေးရွာ၏ တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာ၌ အမြင့် နှစ်ပေခွဲခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ဧက ၂၀၊ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သီဟန် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဒုံပင်ညိုကျေးရွာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၊ ၎င်းကျေးရွာ အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာနှင့် ထီလုံးဆူကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခွဲခန့်အကွာတို့၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၁၃ ဧက၊ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး မျိုးလွင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ်



ဆောင်းပြောင်းကျေးရွာ၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ အမြင့် နှစ်ပေခန့် သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၄ ဒသမ ၅ ဧကခန့်အား ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

## သာကေတနှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၄၁) ရန်ကုန်(အရှေ့)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁ နာရီက သာကေတမြို့နယ် အမှတ် (၃) ရန်ပြေရပ်ကွက် ရန်ပြေ ၅ လမ်း ကွေ့တွင် တွေ့ရှိသူ ဒေါ်ဥမ္မာခိုင်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် ခါးသျှိကျေးရွာအုပ်စု ခါးသျှိကျေးရွာအနီး မူဆယ် - မန္တလေးသွား ပြည်ထောင်စု ကားလမ်းမပေါ်တွင် အိုက်ခမ်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## မော်ဟန်-နမ့်ချီမော်သွားလမ်း နမ့်ပင့်လမ်းခွဲအနီးတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မိုးညှင်း နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်-နမ့်ချီမော်သွားလမ်း နမ့်ပင့်လမ်းခွဲ အနီးတွင် မူးယစ်ဆေးဝါးများ သယ်ဆောင်သူကို ဖမ်းဆီးရမိခဲ့ကြောင်း မိုးညှင်းမြို့မရဲစခန်းမှ သိရသည်။

ယနေ့ မွန်းလွဲ ၂ နာရီက အထူးမူးယစ်တပ်ဖွဲ့စု(၃)မှ ရဲအုပ် မျိုးမင်းထွန်း ဦးစီးသောတပ်ဖွဲ့ဝင်များသည် မော်ဟန်-နမ့်ချီမော်သွားလမ်း နမ့်ပင့်လမ်းခွဲအနီး မိုးညှင်းမြို့နယ် ပင်းဟဲကျေးရွာနေသူ ကျော်မြင့်(၄၃ နှစ်) မောင်းနှင်လာသည့် ဆိုင်ကယ် ဒူးကာအတွင်းသို့ဝှက်ထားသည့် ဘိန်းဖြူ ၃ ဒသမ ၅ ဂရမ်ပါတစ်ဘူးကို ရှာဖွေတွေ့ရှိသဖြင့် မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၀၇၈

## မြန်မာ့ရုပ်မြင်သံကြား

| | | |
|---|---|---|
| ၆:၀၀ | – | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇:၀၀ | – | Breakfast News |
| ၇:၄၀ | – | လေ့လာစရာစုံလင် အမိမြန်ပြည်တစ်ခွင် "ဂုဏ်တင့်ရောင်ထည် သာသနာ့မန်လည်" |
| ၈:၃၅ | – | "ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် UEHRDညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံမေးမြန်းခန်း" |
| ၉:၂၅ | – | Mingalabar English သင်ခန်းစာအစီအစဉ် (အပိုင်း– ၆) |
| ၉:၄၀ | – | MRTV Travelogue |
| ၁၀:၀၀ | – | Sunday Talk |
| ၁၀:၂၅ | – | " ဒေါက်တာ ရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း)" (အပိုင်း–၁) |
| ၁၁:၀၀ | – | လှပစုံလင်အာဆီယံတစ်ခွင် |
| ၁၁:၁၅ | – | မှတ်မှတ်သားသားပုံပြင်များ "အတုံ့အလှည့်" |
| ၁၂:၃၀ | – | " ဒေါက်တာ ရှောင်တန်နယ်(လ်)(စီးပွားရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း) "(အပိုင်း– ၂) |
| ၁၂:၄၅ | – | This Week's Special Interest |
| ၁၃:၀၀ | – | မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ကလောအလွန်တစ်ဘူတာ" အောင်လွင်၊ ချိုပြုံး၊ အေးအေးသင်း (ဒါရိုက်တာ– စံရွှေမောင်) |
| ညပိုင်း | | |
| ၁၆:၂၀ | – | "ဒေါက်တာ အဲ(န်)နာရွှေလွှမ်း (ချင်းလူနည်းစု)(ဇိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း" |
| ၁၆:၄၀ | – | "Road to SEA Games " (အားနစ်) |
| ၁၇:၂၅ | – | ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ် |
| ၁၈:၂၀ | – | "အဏ္ဏဝါရဲ့သဘာဝကမ္ဘာ" |
| ၂၀:၀၀ | – | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၀:၃၅ | – | "ကန္ဒရဝတီမှ သဘာဝအလှ" |
| | – | မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း "ရွှေမန်းသူမြင့်မြင့်သန်း၊ ထိပ်သီးသန်းသန်း" |

## ဇီးကုန်း၌ ယာဉ်တစ်စီး လမ်းဘေးသစ်ပင်ဝင်တိုက်မှုကြောင့် သုံးဦးဒဏ်ရာရ

**ဇီးကုန်း နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် ဝက်စာပိုးကျေးရွာအနီး ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ် (၁၃၁/၇)နှင့် (၁၃၁/၈)အကြားတွင် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲခန့်က ပြည်မှ ရန်ကုန်ဘက်သို့ မြင့်သန်းဦး မောင်းနှင်၍ ပြည်စိုးအောင်၊ ချစ်မင်းအောင်တို့ လိုက်ပါလာသော ယာဉ်အမှတ် BGO 3P/ ---- ကန်တာယာဉ်သည် လမ်းချော်ပြီး လမ်းဘေးသစ်ပင်အား ဝင်တိုက်မိခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်မောင်း မြင့်သန်းဦးမှာ ကားခေါင်းအတွင်းညပ်နေသဖြင့် ဇီးကုန်းမြို့နယ် မီးသတ်တပ်ဖွဲ့နှင့် မေတ္တာရှင်နာရေးကူညီမှုအသင်း၊ ကြို့ပင်ကောက်မြို့နယ်မီးသတ်တပ်ဖွဲ့၊ အုတ်ဖိုမြို့နယ် လူမှုကယ်ဆယ်ရေးအသင်းနှင့် ပြည်သူများပူးပေါင်းကာ ကားအတွင်းညပ်နေသူအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကာ ဒဏ်ရာရရှိသူသုံးဦး(မစိုးရိမ်ရ)ကို မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မြင့်သန်းဦးကို ဇီးကုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

## အိမ်မဲမြို့နယ်တွင် မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ငါးလုံး ပျက်စီး

**အိမ်မဲ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပဒက်ကျေးရွာနှင့် သာလေးကုန်းကျေးရွာတို့တွင် နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ငါးလုံး ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ပျက်စီးမှုဖြစ်သည့်နေရာများသို့ အိမ်မဲမြို့မီးသတ်စခန်းမှ ဒုမီးသတ် ဦးစီးမှူး ဦးတင်မျိုးဝင်း ဦးဆောင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ရွာသစ်နယ်မြေမီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(အိမ်မဲ ပြန်/ဆက်)




## မန်တုံမြို့နယ် အမှတ်(၁) ရပ်ကွက် (မန်ကန်)တွင် မီးလောင်မှုဖြစ်

**မန်တုံ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် အမှတ်(၁) ရပ်ကွက် (မန်ကန်) ရှိ ဦးတာခမ်း၏နေအိမ်တွင် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ က မီးလောင်မှုဖြစ်ရာ မြို့နယ်မီးသတ် တပ်ဖွဲ့မှ အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့မှုကြောင့် နံနက် ၁၀နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါနေအိမ်မှာ နှစ်ထပ်၊ ထရံကာ သွပ်မိုးအိမ်ဖြစ်ပြီး အိမ်တွင်းပစ္စည်းအားလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

စည်သူမောင်မောင် (ပြန်/ဆက်)

## ကျိုက်ထို၌ သစ်စက်တစ်လုံး မီးလောင်

**ကျိုက်ထို နိုဝင်ဘာ ၂**

ကျိုက်ထိုမြို့ မြောက်ပိုင်းရပ်ကွက် သီတာလမ်း မြောက်ပိုင်းရပ်ကွက်နေသူ ဦးဇေယျာမျိုးသိန်း (၄၅ နှစ်) ပိုင်ဆိုင်သည့် သစ်စက်တွင် ယနေ့ နံနက် ၃ နာရီခန့်တွင် မီးလောင်မှုဖြစ်ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထိုက်၊ ခရိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမွန် တို့ကြီးကြပ်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဝိုင်းဝန်းငြိမ်းသတ်သဖြင့် နံနက် ၆ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာမရှိကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

## ကျောက်မဲမြို့နယ် နောင်အန်းကျေးရွာအနီး နွားများတင်ဆောင်လာသည့် ယာဉ်တစ်စီး ပစ်ခတ်ခံရ

**သီပေါ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် ကျောက်မဲနှင့် သီပေါကြား ချောင်းချောက်ကျေးရွာအုပ်စု နောင်အန်းကျေးရွာ မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၁၇/၃-၄တွင် ယနေ့နံနက် ၈ နာရီကျော်ခန့်က မန္တလေးမှ မူဆယ်သို့ ပုလဲရွှေဝါကုမ္ပဏီ တပ်ကုန်းမှသယ်ဆောင်လာသော နွားတင်ယာဉ် ငါးစီးအနက် ယာဉ်မောင်း ကိုတင်ချိုဝင်း မောင်းနှင်၍ ယာဉ်နောက်လိုက် မောင်လှ၊ နွားထိန်း ကျော်ဆန်းဦးတို့ လိုက်ပါလာသည့်ယာဉ်လေးစီးမြောက် ယာဉ်အမှတ် 1D/...... ၁၂ ဘီးယာဉ်အား လမ်းယာဘက်ခြမ်းကျွန်းတောအတွင်းမှ အမည်မသိလူတစ်စု လက်နက်ငယ်များဖြင့် ၁၅ ချက်ခန့် ပစ်ခတ်ပြီး တောတွင်းသို့ တိမ်းရှောင်ထွက်ပြေးသွားကြောင်း သိရသည်။

ထိုသို့ပစ်ခတ်မှုကြောင့် တင်ကြီးကုန်ကျေးရွာ ကျောက်ဆည်မြို့နေသူ ယာဉ်မောင်း တင်ချိုဝင်းမှာ နားထင်ဖောက်ဝင်ဒဏ်ရာကြောင့် အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်နောက်လိုက် မောင်လှ လက်ပံကျေးရွာ ကျောက်ဆည်မြို့နေသူမှာ သေနတ်ဒဏ်ရာ(စိုးရိမ်ရ)နှင့် နွားထိန်း ကျော်ဆန်းဦး လက်ပံကျေးရွာ ကျောက်ဆည်မြို့နေသူမှာ လက်ဖောက်ဒဏ်ရာ (မစိုးရိမ်ရ) တို့ ရရှိကာ နွားငါးကောင် သေဆုံးခဲ့သည်။

သေဆုံးသူ ယာဉ်မောင်းနှင့် ဒဏ်ရာရရှိသည့် ယာဉ်နောက်လိုက်၊ နွားထိန်းတို့ကို သီပေါလူငယ်လူမှုရေးပရဟိတအသင်းမှ ကျောက်မဲပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ဆီးရီးယားနိုင်ငံမြောက်ပိုင်းနယ်စပ်တွင် တူရကီနှင့် ရုရှားတို့ ပူးတွဲကင်းလှည့်


တူရကီနှင့် ရုရှားတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်မှု ဆောင်ရွက်နေကြစဉ်။

အလက်ပို နိုဝင်ဘာ ၂

**ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတွင် နိုဝင်ဘာ ၁ ရက်မှစတင်ကာ တူရကီနှင့် ရုရှားတို့ ပူးပေါင်းပြီး ကင်းလှည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။**

တူရကီနှင့်ရုရှားတို့သဘောတူညီထားမှုအရ နယ်စပ်မှ ကာ့ဒ်တပ်ဖွဲ့ဝင်များဆုတ်ခွာခြင်း ရှိ မရှိ သေချာစေရန် ပူးပေါင်းကင်းလှည့်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

နာရီပေါင်း ၁၅၀ အတွင်း တူရကီ–ဆီးရီးယားနယ်စပ်ရှိ ကာ့ဒ်တပ်ဖွဲ့များနောက်ဆုတ်သွားရန် လွန်ခဲ့သည့်သီတင်းပတ်က ဆိုချီမြို့ ပင်လယ်နက်အပန်းဖြေစခန်းတွင် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးနောက် ယခုလို ပူးပေါင်းဆောင်ရွက်မှုပေါ်ပေါက်လာခြင်းဖြစ်သည်။ နယ်စပ်တစ်လျှောက် တပ်ဖွဲ့ဝင်များ ပူးပေါင်းကင်းလှည့်မှုဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်တပ်ဖွဲ့ဝင်များသည်လည်း အရှေ့ပိုင်းကို တာဝန်ယူကာ စစ်ဆေးသည့်အပိုင်းကို အောက်တိုဘာ ၃၁ ရက်က တာဝန်ယူဆောင်ရွက်ခဲ့သည်။

လွန်ခဲ့သည့်လအတွင်း ဆီးရီးယားနိုင်ငံမြောက်ပိုင်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ပြန်လည်ခေါ်ယူမည်ဟု သမ္မတ ထရမ့်က ကြေညာခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် စစ်ဆေးမှုတွင် ပါဝင်ခဲ့ခြင်းဖြစ်သည်။ ကာ့ဒ်တပ်ဖွဲ့ဝင်များ နောက်ဆုတ်သွားပြီဖြစ်သော နယ်စပ်မြို့ဖြစ်သည့် ဒါဘာဆီရာတွင် နိုဝင်ဘာ ၁ ရက်က ကင်းလှည့်စစ်ဆေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တူရကီနှင့် ရုရှားတပ်ဖွဲ့ဝင်များသည် ဒါဘာဆီရာမြို့အရှေ့ပိုင်းသို့ ဦးတည်ကာ ကင်းလှည့်မှုများ ပြုလုပ်ခဲ့ကြသည်ဟု တူရကီတပ်ဖွဲ့ သတင်းအရင်းအမြစ်က ပြောသည်။ ပူးပေါင်းကင်းလှည့်မှုယာဉ်တန်းတွင် မော်တော်ယာဉ်ကိုးစီးပါဝင်ပြီး ၆၈ မိုင်ခန့် သွားရောက်စစ်ဆေးခဲ့ကြသည်။ တူရကီတွင် လက်ခံထားရသည့် ဆီးရီးယားဒုက္ခသည် ၃ ဒသမ ၆ သန်း ပြန်လည်နေရာချထားပေးရေးအတွက် နယ်စပ်တွင် ဘေးကင်းစိတ်ချရရေးဇုန် တည်ထောင်ရန် တူရကီက ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**

# မာလီရှိ စစ်အခြေစိုက်စခန်းတိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင် ၅၃ ဦး သေဆုံး

**ဘာမာကို နိုဝင်ဘာ ၂**

မာလီနိုင်ငံ အရှေ့မြောက်ပိုင်းရှိ စစ်အခြေစိုက်စခန်းကို နိုဝင်ဘာ ၁ရက်တွင် အကြမ်းဖက်သမားများက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင် ၅၃ ဦး သေဆုံးသွားကြောင်း မာလီအစိုးရက ပြောသည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း ယခုတစ်ကြိမ်မှာ အဆိုးရွားဆုံးဖြစ်သည်။ နိုင်ဂျာနယ်စပ်အနီး မီနာကာဒေသရှိ အင်ဒါလီမိန်း တပ်စခန်းတွင်လည်း အရပ်သားတစ်ဦး သေဆုံးခဲ့ရသည်ဟု ဆက်သွယ်ရေးဝန်ကြီး ရာရာဆန်ဂါရီက တွစ်တာမှတစ်ဆင့် ပြောကြားခဲ့သည်။ ယခုအခါ အခြေအနေများကို ထိန်းချုပ်နိုင်ပြီဖြစ်ပြီး သေဆုံးသူများ၏ အလောင်းများကို ရှာဖွေမှုများ ဆက်လက်ပြုလုပ်နေသည်ဟု သိရသည်။


လုံခြုံရေးတာဝန်ယူသည့် မာလီတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

သေဆုံးသူများစာရင်းထပ်တိုးပြီးနောက် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။ တပ်စခန်းတွင် အသက်ရှင်ကျန်ရစ်သူ ၁၀ ဦးရှိကြောင်း၊ ဆိုးရွားသော တိုက်ခိုက်မှုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နောက်ထပ် အသေးစိတ်အချက်အလက်များကို ပြောကြားခဲ့ခြင်းမရှိပေ။ မာလီအစိုးရက ယခုတိုက်ခိုက်မှုကို အစောပိုင်းက ရှုတ်ချပြောဆိုခဲ့ပြီး သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများပြားကြောင်း ပြောကြားခဲ့သည်။ သေဆုံးသူ လူစာရင်းအတိအကျကိုမူ ဖော်ပြသွားခြင်းမရှိပေ။ အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့်နေရာသို့ တပ်ကူများစေလွှတ်ထားကြောင်းလည်း အစိုးရက ထုတ်ပြန်ကြေညာထားသည်။ နိုဝင်ဘာ ၁ ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု၏ လက်သည်တရားခံမှာ မည်သည့်အဖွဲ့အစည်း ဖြစ်သည်ကိုမူ မသိရသေးပေ။ လွန်ခဲ့သည့်လကလည်း ဘာကီနာဖာဆို နယ်စပ်တွင် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့်တပ်ဖွဲ့ဝင် ၄၀ ခန့်သေဆုံးခဲ့ရသည်။ မာလီတပ်ဖွဲ့သည် အစွန်းရောက်အကြမ်းဖက်သမားများနှင့် ရင်ဆိုင်ရာတွင် ရုန်းကန်ရင်ဆိုင်နေရသည်။ **အေအက်ဖ်ပီ**

# အမေရိကန်နှင့် တရုတ် ထိပ်သီး အစည်းအဝေးပွဲ အိုင်အိုဝါတွင် ကျင်းပဖွယ်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ ကုန်သွယ်ရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးရန် နေရာအဖြစ် အိုင်အိုဝါပြည်နယ်ကို အကြံပြုထားကြောင်း ပြောခဲ့သည်။ ယခုလနှောင်းပိုင်း ချီလီနိုင်ငံတွင် ကျင်းပမည့် APEC ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတနှင့် တရုတ်သမ္မတတို့ ကုန်သွယ်ရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးရန် စီစဉ်ထားခဲ့သည်။

သို့သော် ချီလီနိုင်ငံသည် APEC ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။ ထို့ကြောင့် တရုတ်နှင့် အမေရိကန်တို့ ကနဦးကုန်သွယ်ရေးသဘောတူစာချုပ်တွင်လက်မှတ်ရေးထိုးရန် နောက်ထပ်နေရာသစ်ရှာဖွေရမည်ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်တွင် အမေရိကန်သမ္မတက အမေရိကန်ပြည်ထောင်စုအတွင်း သဘောတူလက်မှတ်ရေးထိုးရန်နေရာနှစ်ခု စဉ်းစားထားပြီး အိုင်အိုဝါပြည်နယ်တွင် ကျင်းပနိုင်ကြောင်းလည်း ပြောဆိုခဲ့သည်။

ယခုသဘောတူညီမှုအသစ်မှာ အမေရိကန်လယ်သမားများအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့်အတွက် အိုင်အိုဝါပြည်နယ်တွင် ကျင်းပရန်ပို၍သင့်တော်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။ အမေရိကန်အလယ်ပိုင်းတစ်ကြောရှိ စိုက်ပျိုးရေးကို အဓိကလုပ်ဆောင်သည့် ဒေသတွင် တရုတ်နှင့် ကနဦးကုန်သွယ်ရေး သဘောတူညီမှုကို ထရမ့်က ဝမ်းမြောက်ဝမ်းသာ ကြေညာလိုသည်။

လွန်ခဲ့သည့်လအတွင်း ဆွေးနွေးနိုင်ခဲ့သည့် သဘောတူညီမှုအရ တရုတ်နိုင်ငံသည် အမေရိကန်မှ လယ်ယာထွက်ကုန်များကို ပိုမိုဝယ်ယူမည်ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်တွင် နှစ်နိုင်ငံစလုံးမှ အဆင့်မြင့်အရာရှိအဆင့် ဆွေးနွေးမှုပြုလုပ်ခဲ့သည်။ ယခုအခါ တရုတ်နှင့် အမေရိကန်တို့သည် အသိဉာဏ်ပိုင်းဆိုင်ရာမူပိုင်ခွင့်နှင့် အခြားသော ကိစ္စရပ်များတွင် သဘောတူညီချက်ရအောင် ဆွေးနွေးသွားနိုင်ရေးမျှော်လင့်ထားသည်။ **အင်န်အိတ်ချ်ကေ**

# အမေရိကန်မှ အီရန်အပေါ် ပိတ်ဆို့မှုအသစ်များ လုပ်ဆောင်

**တီဟီရန် နိုဝင်ဘာ ၂**

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာအစ်ဖ်သည် နိုဝင်ဘာ ၁ ရက်က အမေရိကန်၏ပိတ်ဆို့မှုအသစ်အပေါ် ဒေါသပုန်ထခဲ့သည်။ အောက်တိုဘာ ၃၁ ရက်တွင် အီရန်ဆောက်လုပ်ရေးကဏ္ဍကို အမေရိကန်က ပိတ်ဆို့မှုအသစ်ပြုလုပ်ခဲ့သည်။

အီရန်ဆောက်လုပ်ရေးကဏ္ဍတွင် အီရန်တော်လှန်ရေးအစောင့်တပ်၏ လွှမ်းမိုးမှု များပြားနေသည့်အတွက် ပိတ်ဆို့မှု ပြုလုပ်လိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးမိုက်ပွန်ပီအိုက ပြောကြားခဲ့သည်။

အီရန်တော်လှန်ရေးအစောင့်တပ်ကို အမေရိကန်က အကြမ်းဖက်အုပ်စုစာရင်းသွင်းထားသည်။ ဆောက်လုပ်ရေးလုပ်သားများအပေါ် ရည်ရွယ်ကာ စီးပွားရေးအရအကြမ်းဖက်လိုက်ခြင်းသည် အီရန်အပေါ်အမေရိကန်က ဖိအားကြီးပေးလိုက်ခြင်းပင်ဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ အမေရိကန်သည် အီရန်အမျိုးသား အမျိုးသမီးနှင့် ကလေးပါမကျန် ပိတ်ဆို့မှုလုပ်ဆောင်နိုင်ကြောင်း၊ သို့သော် အီရန်သည် အနိုင်ကျင့်ဗိုလ်ကျခံရမှုကို အရှုံးပေးသွားမည်မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ အမေရိကန်၏ မအောင်မြင်သည့်မူဝါဒများကို စွန့်လွှတ်သွားရန်လည်း ၎င်းကတိုက်တွန်း ပြောဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# ရှူယီဂျိုရဲတိုက် မီးလောင်မှုစုံစမ်းစစ်ဆေးမှုအတွက် ရက်အတန်ကြာအချိန်ယူရမည်ဟု ခန့်မှန်းထား

**တိုကျို နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါ စီရင်စုရှိ ရှူယီဂျိုရဲတိုက် မီးလောင်ခဲ့မှုကို စုံစမ်းစစ်ဆေးရန်အတွက် ရက်အတန်ကြာအောင် အချိန်ယူရမည်ဟု ရဲများက ပြောသည်။

အောက်တိုဘာ ၃၁ ရက်တွင် အဆိုပါရဲတိုက်မှာ ၁၁ နာရီကြာ မီးလောင်ပြီး ပျက်စီးသွားခဲ့ရသည်။ အဆိုပါရဲတိုက်သည် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်လည်း ဖြစ်သည်။

မီးလောင်မှုကြောင့် ရဲတိုက်၏ အဓိကအဆောက်အအုံ သစ်သားဖြင့် ဆောက်လုပ်ထားသော သုံးထပ်အဆောက်အအုံမှာလည်း ပျက်စီးသွားခဲ့ရသည်။ မြောက်ဘက်ပိုင်းရှိ ခန်းမမှ စတင်ကာ မီးစတင်လောင်ခြင်းဖြစ်ကြောင်း ရဲများက သံသယရှိနေကြသည်။


ရှူယီဂျိုရဲတိုက်ကို မီးလောင်ပြီးနောက် တွေ့ရစဉ်။

အဆောက်အအုံခုနစ်ခု ပျက်စီးသွား၍ အပျက်အစီးများသည့်အတွက် စုံစမ်းစစ်ဆေးမှုများ နှေးကွေးရခြင်းဖြစ်သည်။ အဆိုပါရဲတိုက်ပြန်လည် တည်ဆောက်ရေးအတွက် ဒေသခံများနှင့် ခရီးသွားများက လိုလားလျက်ရှိသည်။ ရှူယီဂျို ရဲတိုက်မှာ အိုကီနာဝါ၏ အသည်းနှလုံးဖြစ်ပြီး ပြန်လည် တည်ဆောက်ရေးအတွက် ၎င်းတတ်နိုင်သလောက် ကူညီပေးသွားမည်ဟု အသက် ၇၀ ဝန်းကျင်ရှိ ဒေသခံတစ်ဦးက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### အာဖဂန်နစ္စတန် မြောက်ပိုင်း တက်ခ်ဟာပြည်နယ်တွင် ပေါက်ကွဲမှုကြောင့် ကလေးကိုးဦးသေဆုံး

**ကဘူးလ် နိုဝင်ဘာ ၂**
အာဖဂန်နစ္စတန် မြောက်ပိုင်း တက်ခ်ဟာပြည်နယ် ဒါကတ်ခရိုင်တွင် ပေါက်ကွဲမှုကြောင့် ကျောင်းသားကိုးဦးသေဆုံးခဲ့ရကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

တဟီရိကျေးရွာ လမ်းတွင် အကြမ်းဖက်သမားများက မိုင်းဗုံးထောင်ထားခဲ့ပြီး အဆိုပါမိုင်းသည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပေါက်ကွဲခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် မူလတန်းကျောင်းတက်နေသည့် ကလေးကိုးဦးသေဆုံးခဲ့ပြီး အခြားသူများလည်း ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဒါကတ်ခရိုင်သည် လွန်ခဲ့သည့်လများအတွင်း အာဖဂန် အစိုးရတပ်နှင့် တာလီဘန် တိုက်ခိုက်ရေးသမားများ ပြင်းထန်စွာ တိုက်ပွဲဖြစ်နေသည့် ဒေသလည်း ဖြစ်သည်။

ဆင်ဟွာ

### ဖလော်ရီဒါရှိ လေယာဉ်ပြပွဲတွင် လေယာဉ်တစ်စင်းပျက်ကျပြီး လေယာဉ်မောင်းသူသေဆုံး

**ဝါရှင်တန် နိုဝင်ဘာ ၂**
ဖလော်ရီဒါပြည်နယ် စတူးအက်မြို့တွင် နိုဝင်ဘာ ၁ ရက်က လေယာဉ်ပြပွဲပြုလုပ်ရာ လေယာဉ်တစ်စင်းပျက်ကျပြီး လေယာဉ်မောင်းသူသေဆုံးခဲ့ရကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါလေယာဉ်တွင် လေယာဉ်မောင်းသူ တစ်ဦးသာ လိုက်ပါလာပြီး မြေပြင်တွင် သေဆုံးဒဏ်ရာရရှိသူမရှိကြောင်း နယ်မြေရဲအရာရှိ ဝီလီယံဆန်းဒါးက ပြောသည်။ အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးဘုတ်အဖွဲ့ (NTSB)က လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ သုံးရက်တာ ကျင်းပမည့် လေယာဉ်ပြပွဲ ပထမနေ့၌ပင် ယခုလိုပျက်ကျမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

စတူးအက် လေယာဉ်ပြပွဲမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁ ရက်တွင် ပြုလုပ်မည့် အစီအစဉ်များအားလုံးကို ရွှေ့ဆိုင်းထားကြောင်း အောက်တိုဘာ ၂ ရက်တွင် အစီအစဉ်များ ပြန်လည်ပြုလုပ်နိုင်ရန် စီစဉ်ထားကြောင်း ပြောခဲ့သည်။ ပျက်ကျသွားသည့် လေယာဉ်အမျိုးအစားမှာ OV-1 Mohawk အမျိုးအစားဖြစ်ပြီး ထိုင်ခုံနှစ်ခုံ၊ အင်ဂျင်နှစ်လုံးပါ ကင်းထောက်လေယာဉ် အမျိုးအစားဖြစ်ပြီး အမေရိကန်တပ်ဖွဲ့အတွက် တည်ဆောက်ပေးခဲ့သည့် လေယာဉ်အမျိုးအစားလည်း ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# ဘေးကင်းဇုန်တစ်ခု ထူထောင်ကြရာဝယ်

## ကလျာမိုးမြင့်

ဆီးရီးယားအရှေ့မြောက်ပိုင်းက ဘေးကင်းဇုန်လို့ ခေါ်ဆိုနေကြတဲ့နေရာမှာ ရုရှားနဲ့ တူရကီတပ်ဖွဲ့ဝင်တွေ စပြီးကင်းလှည့်နေကြပြီ ဖြစ်ပါတယ်။ တူရကီရဲ့အစီအစဉ်က ဘယ်လိုလဲဆိုတော့ ဆီးရီးယားနဲ့ထိစပ်နေတဲ့ ၎င်းရဲ့နယ်စပ်တစ်လျှောက် လုံခြုံစိတ်ချရတဲ့ ဧရိယာအတွင်းမှာ ဆီးရီးယားဒုက္ခသည်တွေကို အိမ်ရာချထားပေးဖို့ဆိုပြီး ရည်မှန်းထားသလို အကြမ်းဖက်အုပ်စုလို့ ၎င်းက သတ်မှတ်ထားတဲ့ ကာ့ဒ်တိုက်ခိုက်ရေးသမားတွေလက်က ကင်းလွတ်စေဖို့အတွက်လည်း ရည်ရွယ်ထားတာဖြစ်တယ်လို့ ဆိုပါတယ်။




တူရကီနိုင်ငံရှိ ဒုက္ခသည်စခန်းတစ်ခု၌ ဆော့ကစားနေကြသည့် ဆီးရီးယားဒုက္ခသည်ကလေးငယ်များကိုတွေ့ရစဉ်။

### ထင်ထားသလောက်မလွယ်

သီအိုရီပိုင်းအရကြည့်မယ်ဆိုရင်တော့ တူရကီရဲ့အတွေးက ရိုးရှင်းတယ်လို့ထင်ရပေမယ့် တကယ့်လက်တွေ့မှာ ဘော့စနီးယားနဲ့ ရဝမ်ဒါကနေစပြီး အီရတ်နဲ့ သီရိလင်္ကာနိုင်ငံတွေအထိ ပဋိပက္ခတွေဖြစ်ပွားနေတာတွေကို ကြည့်လိုက်ရင် ဘေးကင်းဇုန်တစ်ခု ထူထောင်တဲ့အလုပ်ဟာ ထင်ထားတာထက်ပိုပြီးခက်ခဲတယ်ဆိုတာကို ပြဆိုနေပါတယ်။

ပြီးခဲ့တဲ့လတုန်းက ဆီးရီးယား မြောက်ပိုင်းမှာ ချထားတဲ့ အမေရိကန်တပ်ဖွဲ့ဝင်တွေကို ဆိုင်းမဆင့်ဗုံမဆင့် ရုပ်သိမ်းသွားလိုက်တဲ့ ကိစ္စက အဲဒီနယ်စပ်ကို တူရကီဖြတ်ကျော်ဝင်ရောက်ပြီး ထိုးစစ်ဆင်တိုက်ခိုက်ဖို့အတွက် လမ်းဖွင့်ပေးရာ ရောက်သွားခဲ့ပါတယ်။ ကာ့ဒ်ပြည်သူ့စစ်အဖွဲ့ ဦးဆောင်တဲ့ ဆီးရီးယား ဒီမိုကရက်တစ်အဖွဲ့တွေနဲ့ ရက်အနည်းငယ်ကြာအောင် တိုက်ပွဲတွေဖြစ်ပွားခဲ့ပြီးတဲ့နောက်မှာ တူရကီက စစ်မက်ဖြစ်ပွားရာနေရာကနေ ၃၀ ကီလိုမီတာ (၁၈ မိုင်) အကွာအဝေး ကျော်လွန်တဲ့အထိ ကာ့ဒ်ပြည်သူ့စစ်အဖွဲ့တွေ ဆုတ်ခွာသွားနိုင်ဖို့အတွက် ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲထားဖို့ သဘောတူလိုက်ပါတယ်။

### အိုးအိမ်ကွယ်ပျောက်စေ

တူရကီနဲ့ ရုရှားတို့အကြား သဘောတူညီခဲ့တဲ့ အစီအစဉ်သစ်အရဆိုရင် ရလဒ်တစ်ခုအနေနဲ့ပေါ်ထွက်လာတဲ့ ဘေးကင်းဇုန်ကို ရုရှားနဲ့ မဟာမိတ် ဆီးရီးယား တပ်ဖွဲ့တွေက ကင်းလှည့်စောင့်ရှောက်ဖို့ဖြစ်ပြီး အခြားတစ်ဖက်ခြမ်းမှာ တူရကီနဲ့ တူရကီက ကျောထောက်နောက်ခံပေးထားတဲ့ သူပုန်တွေရှိမှာဖြစ်ပါတယ်။ ရုရှားဟာ ဆီးရီးယား ပဋိပက္ခမှာ အဓိကစေ့စပ်ညှိနှိုင်းတဲ့ အင်အားကြီးနိုင်ငံတစ်ခုပါပဲ။ ဘေးကင်းဇုန်ကို စောင့်ကြပ်ဖို့ ကုလသမဂ္ဂတပ်ဖွဲ့ဝင်တွေကို သုံးဖို့ ဂျာမနီက အကြံပြုနေချိန်မှာ အခုလိုမျိုး သဘောတူညီမှုတစ်ခု ရရှိလိုက်ခြင်းက အောင်ပွဲကြီး တစ်ရပ်ပဲဖြစ်တယ်လို့ သမ္မတ ထရမ့်က ဂုဏ်ယူစွာ ပြောကြားလိုက်ပါတယ်။

သို့သော်လည်းပဲ ဘေးကင်းဇုန်ကို ခြေရာခံတဲ့မှတ်တမ်းတွေက အကောင်းမြင်ဝါဒတစ်ခုဖြစ်လာစေအောင်တော့ စေ့ဆော်ပေးနိုင်ခြင်းမရှိဘူး။ ပြီးတော့ တူရကီရဲ့ အစီအစဉ်ဟာ ကာ့ဒ်မျိုးနွယ်စုတွေကို အိုးအိမ်ပျောက်ကွယ်စေတဲ့ ဘဝကို တွန်းပို့လိုက်သလို လူမျိုးစုရှင်းလင်းခံရတဲ့အခြေအနေမျိုးကိုလည်း ဖြစ်သွားစေခဲ့ပြီဖြစ်တယ်လို့ နိုင်ငံရေးဆိုင်ရာကျွမ်းကျင်သူတွေက ထောက်ပြနေကြတာကိုတွေ့ရပါတယ်။

### ဘေးကင်းဇုန်ဆိုတာ

ဘေးကင်းဇုန်ကို ဘေးကင်းဧရိယာ၊ ကာကွယ်ရေးနယ်မြေ၊ လူသားချင်းစာနာထောက်ထားမှုစင်္ကြံတစ်ခု သို့မဟုတ် လုံခြုံစိတ်ချရတဲ့ဘုံတစ်ခု စသည်ဖြင့် အသုံးအနှုန်းမျိုးစုံနဲ့ ခေါ်ဝေါ်နေကြပေမယ့် ဆိုလိုရင်းအဓိပ္ပာယ်ကတော့ တစ်ခုတည်းပဲဆိုတာကို သိနိုင်ပါတယ်။

ဘေးကင်းဇုန်ရဲ့ အဓိကရည်ရွယ်ချက်က ပဋိပက္ခတွေကနေ ထွက်ပြေးနေကြရတဲ့ အရပ်သားပြည်သူတွေကို ကာကွယ်ဖို့ပါပဲ။

> “ဘေးကင်းဇုန်ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်ပွားမှုမှာ ပါဝင်တဲ့ အဖွဲ့အစည်းတွေဟာ သတ်မှတ်ထားတဲ့ နေရာမှာ စစ်တပ်က တပ်ဖွဲ့ဝင်တွေချထားခြင်း သို့မဟုတ် တိုက်ခိုက်မှုတွေမပြုလုပ်ဖို့ သဘောတူညီထားချက်အရ သတ်မှတ်ထားတဲ့ ဧရိယာတွေ ဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာကိုလည်း တွေ့ရပါတယ်”

ဘေးကင်းဇုန်ဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခတစ်ခုဖြစ်ပွားမှုမှာ ပါဝင်တဲ့ အဖွဲ့အစည်းတွေဟာ သတ်မှတ်ထားတဲ့နေရာမှာ စစ်တပ်က တပ်ဖွဲ့ဝင်တွေချထားခြင်း သို့မဟုတ် တိုက်ခိုက်မှုတွေမပြုလုပ်ဖို့ သဘောတူညီထားချက်အရ သတ်မှတ်ထားတဲ့ ဧရိယာတွေ ဖြစ်တယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတာကိုလည်း တွေ့ရပါတယ်။

### အရပ်သားတွေကို ကာကွယ်ဖို့

ဘေးကင်းဇုန်ဟာ စစ်ရေးအရလှုပ်ရှားဆောင်ရွက်မှုတွေနဲ့ စစ်ဘက်အခြေခံအဆောက်အအုံတွေ တည်ဆောက်မှုကို တားမြစ်ပိတ်ပင်ရာနေရာဖြစ်တဲ့ စစ်မဲ့ဇုန်နဲ့ နည်းပညာပိုင်းအရ ကွဲပြားခြားနားမှုရှိပေမယ့် ဆက်စပ်မှုအားဖြင့်တော့ သိပ်မကွာလှပါဘူး။ ၁၉၉၁ ခုနှစ်မှာ ပင်လယ်ကွေ့ဒေသစစ်ပွဲဖြစ်ပွားခဲ့ပြီးတဲ့နောက် အမေရိကန်၊ ဗြိတိန်နဲ့ ပြင်သစ်နိုင်ငံတွေက မြောက်ပိုင်းနဲ့ တောင်ပိုင်းတို့ စစ်ဘက်လေယာဉ်တွေ ပျံသန်းမှုကို တားမြစ်တဲ့ မပျံသန်းရဇုန်နှစ်ခု သတ်မှတ်ကြေညာခဲ့တာကို လေ့လာသိရှိရပါတယ်။ မြောက်ပိုင်းမှာရှိတဲ့ ကာ့ဒ်မျိုးနွယ်စုတွေနဲ့ ရှီယာအစ္စလာမ်တွေ လွှမ်းမိုးတဲ့နေရာက အရပ်သားတွေကို ကာကွယ်ဖို့အတွက် ဒီလိုပဲ လုပ်ဆောင်ခဲ့ကြပါတယ်။

### စိတ်ကူးကောင်းတစ်ခုလား

ကုလသမဂ္ဂ လုံခြုံရေးကောင်စီဟာဆိုရင်လည်း ဘေးကင်းဇုန်တွေ ထူထောင်နိုင်တဲ့ အခွင့်အာဏာရှိပြီး ၁၉၉၃ ခုနှစ်က ဘော့စနီးယား - ဟာဇီဂိုဗီနာမှာတစ်ကြိမ်နဲ့ ၁၉၉၄ ခုနှစ်က ရဝမ်ဒါမှာတစ်ကြိမ် ဘေးကင်းဇုန်ထူထောင်ခဲ့ဖူးပါတယ်။ ဘေးကင်းဇုန်တွေ ထူထောင်တာဟာ စိတ်ကူးကောင်းတစ်ခု သဖွယ်ထင်ရတာ အမှန်ပါပဲ။ ဒါဆို ဘာတွေများ ပြဿနာရှိနေတာလဲ။

ပဋိပက္ခဖြစ်ပွားနေတဲ့ ဇုန်တစ်ခုအတွင်းမှာ အရပ်သားပြည်သူတွေအတွက် ဘေးကင်းတဲ့နေရာတစ်ခုဖန်တီးပေးမယ်ဆိုတဲ့ အယူအဆဟာ ချီးကျူးလောက်စရာဘာမှမရှိဘူးလို့ တချို့က ငြင်းခုံပါတယ်။ သီအိုရီအရဆိုရင် ဒီလိုအကာအကွယ်ပေးထားတဲ့ ဧရိယာတွေထဲမှာ အိုးအိမ်မဲ့နေတဲ့ပြည်သူတွေဟာ အစားအစာ၊ အမိုးအကာ၊ ဆေးဝါးစောင့်ရှောက်မှုနဲ့ လုံခြုံမှုဆိုတာတွေကို တခြားနေရာတွေထက်ပိုပြီး ခံစားခွင့်ရှိရမှာပါ။

### အကျွမ်းတဝင်ရှိတဲ့ ဘေးကင်းဇုန်

ပြီးတော့ ဘေးကင်းဇုန်တွေဟာ အိမ်နီးချင်းနိုင်ငံတွေဆီ ရွှေ့ပြောင်းသွားလာသူတွေ အစုလိုက်အပြုံလိုက် ဝင်ရောက်မှုကိုလည်း တားဆီးကာကွယ်ပေးရမှာလို့လည်း သိထားကြပါတယ်။ ဒုက္ခသည်တွေဟာ ၎င်းတို့ရဲ့ ရိုးရာယဉ်ကျေးမှု၊ ဘာသာစကားနဲ့ လူမှုရေးဆိုင်ရာ အသိုက်အဝန်းနဲ့ အကျွမ်းဝင်ပြီးသားဖြစ်နေတဲ့ ၎င်းတို့ရဲ့မူရင်းနိုင်ငံအတွင်းက ဘေးကင်းဇုန်တစ်ခုမှာပဲ နေရာချထားဖို့ ပိုပြီးလိုလားကြတယ်ဆိုတာ မေ့မထားသင့်တဲ့အချက် ဖြစ်ပါတယ်။

တကယ်တော့ ပဋိပက္ခဖြစ်ပွားမှုတစ်ခုဆိုတာဟာ အဲဒီပဋိပက္ခ အတွင်းမှာ ပါဝင်နေတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းနှစ်ဖက်အကြား ဆုပ်ကိုင်ထားရမယ့် သဘောတူညီမှုအတွက် သိပ်ပြီးအလားအလာ မကောင်းပါဘူး။ အကယ်၍ သဘောတူညီမှု ပျက်ပြယ်သွားတဲ့အခါ တိုက်ပွဲဖြစ်ပွားရာ နေရာတွေကနေ လွတ်မြောက်ဖို့ ထွက်ပြေးနေကြတဲ့ အရပ်သားတွေဟာ တစ်ဖန်ပြန်ပြီး တိုက်ခိုက်ခံကြရဦးမယ့် အန္တရာယ်နဲ့ ကြုံရပြန်ဦးမှာပါပဲ။

### စိုးရိမ်ရ

တူရကီရဲ့ ဘေးကင်းဇုန်ဆိုတာဟာ ဘေးကင်းရုံကလွဲပြီး ဘာမှမဟုတ်ဘူး၊ အိုးအိမ်မဲ့ပြည်သူတွေ အလုံးအရင်းဝင်ရောက်လာနိုင်တဲ့ အန္တရာယ်ရှိနေသလို နေရပ်ပြန်လာတဲ့ မြောက်မြားလှစွာသော အရပ်သားပြည်သူတွေအတွက် လုံလောက်တဲ့ အခြေခံအဆောက်အအုံတွေ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိမှာကို စိုးရိမ်ရတယ်လို့ တချို့သောအဖွဲ့အစည်းတွေက သတိပေးလျက်ရှိပါတယ်။ ဒီတော့ ဘေးကင်းဇုန်ထူထောင်ဖို့ အသည်းအသန်ဖြစ်နေခဲ့တဲ့ တူရကီအနေနဲ့ ကိုယ့်ဇာတ်ကို ကိုယ်နိုင်အောင် ကနိုင်ဖို့ အတော်လေးကြိုးပမ်းရဦးမယ့် သဘောမှာရှိနေပါတယ်။

ကိုးကား- ဆင်ဟွာ၊ ဘီဘီစီ

# မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေသုံးစွဲလျက်ရှိ

**မော်လမြိုင် နိုဝင်ဘာ ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များကို အများပြည်သူ သိရှိလေ့လာနိုင်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှု မှတ်တိုင်အဖြစ် မွန်ပြည်နယ်၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ (Citizen's Budget) စာစောင်မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

စာစောင်မိတ်ဆက်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဘဏ္ဍာရန်ပုံငွေဆိုသည်မှာ ပြည်သူ့ဘဏ္ဍာရန်ပုံငွေများသာဖြစ်ကြောင်း၊ ပြည်နယ် ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သည့် ပြည်နယ်၏ ဘဏ္ဍာငွေများကို ပြည်နယ်အစိုးရက ပြည်သူများကိုယ်စား ကိုင်တွယ်၍ စီမံခန့်ခွဲရခြင်းဖြစ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဘဏ္ဍာငွေများ စီမံခန့်ခွဲရာတွင် ပြည်နယ်အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊ လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် အဓိကထားပြီး ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေသုံးစွဲလျက်ရှိကြောင်း၊ နောင်တွင်လည်း အစိုးရ၏ ပြည်သူနှင့်အတူဆိုသည့် ဆောင်ပုဒ်နှင့်အညီ နှစ်စဉ် ပြည်နယ်အစိုးရ၏ မူဝါဒနှင့် နှစ်စဉ်ဆောင်ရွက်မည့် လုပ်ငန်းများကို ပြည်သူများ သိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာဖြင့် တင်ပြပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်က Citizen's Budget စာစောင်ကို မိတ်ဆက်ရှင်းလင်းပြီး စာစောင်ပါ အကြောင်းအရာများကို ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇင်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပြည်သူလူထုလက်ဝယ်သို့ အဆိုပါစာစောင်ကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသူများက ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက်များ စာစောင်တွင် ပါဝင်သော အကြောင်းအရာ အချက်အလက်များနှင့် ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ဝေလင်း (ပြန်/ဆက်)**

# ဆင္ဍမအကြိမ် သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းအောင်လက်မှတ်အပ်နှင်းပွဲ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂**

လွိုင်ကော်မြို့ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ဆင္ဍမအကြိမ်မြောက် အပတ်စဉ်(၂၄) သူနာပြု သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းသား သင်တန်းသူများ၏ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယမန်နေ့က လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(အောက်ပုံ)**

ပြည်နယ်ဝန်ကြီးချုပ်က ယခုသင်တန်းဆင်းပွဲတွင် အဓိကတိုက်တွန်းလိုသည်မှာ ကျန်းမာရေးဝန်ဆောင်မှုပေးမည့် ဆရာ ဆရာမများက စေတနာ၊ မေတ္တာများဖြင့် အများအကျိုးအတွက် ဆောင်ရွက်ကြမည့်သူများဖြစ်ပြီး တစ်ဦးတစ်ယောက်အားဖြင့် မိမိတို့ဌာန၏ ရည်မှန်းချက်များ ပိုမိုအောင်မြင်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ဆရာ ဆရာမများက မိမိတို့ သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များဖြင့် အများအကျိုးကို ဆောင်ရွက်ကြရန်ဖြစ်ပြီး လူပုံအလယ်တွင် မိမိတို့စွမ်းဆောင်မှုများကို ပြသကြရမည်ဖြစ်ကြောင်း၊ စုပေါင်းညီညွတ်မှုဖြင့် အောင်မြင်သော ဆောင်ရွက်မှုသာဓကမှာ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုများ ရရှိခဲ့ခြင်း၊ လွိုင်ကော်မြို့တော် အာဆီယံအသန့်ရှင်းဆုံး ရရှိခဲ့ခြင်းများဖြစ်ကြောင်း၊ ယခု သင်တန်းဆင်းမည့် ကျောင်းသား ကျောင်းသူများက ကျေးလက်ဒေသများသို့ သွားရောက်ပြီး တာဝန်များ ထမ်းဆောင်ကြရမည်ဖြစ်ရာ ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို မိမိတို့ တာဝန်ကျရာဒေသများတွင် စေတနာ၊ မေတ္တာများဖြင့် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။



ဆက်လက်ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်ခင်အုံးရွှေက သူနာပြုနှင့် သားဖွားဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီးနောက် ကျောင်းအုပ်ကြီးက သူနာပြု သားဖွား ၆၆ ဦးတို့အား အောင်လက်မှတ်များကို ချီးမြှင့်အပ်နှင်းသည်။

အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ၁၉၉၃ ခုနှစ် ဇူလိုင်လ ၁ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ သူနာပြုဒီပလိုမာဦးရေ ၁၁၆၃ ဦးနှင့် သားဖွားဆရာမဦးရေ ၆၀၄ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **လွိုင်ကော်သား**




# နောင်တရားမြို့၌ အစားထိုးသီးနှံစိုက်တောင်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နောင်တရား နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့ဌာနခွဲ တီကျစ်မျိုးသန့်ခြံ၌ တောင်သူများအား မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စိုက်ပျိုးထားသည့် နေကြာမျိုးစေ့ထုတ်စိုက်ခင်းနှင့် ယာစပါးခေါင်နှံစိုက်ခင်းသို့ ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်နှင့် ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းကြည့်ရှုသည်။

မျိုးစေ့ထုတ်စိုက်ခင်း၌ တီကျစ်မျိုးသန့်ခြံမှ တာဝန်ခံ ဦးမြင့်ထွန်းက နေကြာမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးထားရှိမှုများနှင့် ယာစပါးခေါင်နှံစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

အဆိုပါမျိုးစေ့ဌာနခွဲမှ ရရှိလာသည့် မျိုးကောင်းမျိုးသန့်များကို ပင်လောင်းမြို့နယ်၊ ညောင်ရွှေမြို့နယ်၊ ပင်းတယမြို့နယ်၊ ဖယ်ခုံမြို့နယ်၊ ဟိုပုံးမြို့နယ်၊ ရပ်စောက်မြို့နယ်၊ ကလောမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထိ ဖြန့်ဖြူးပေးလျက်ရှိကြောင်း မျိုးစေ့ဌာနခွဲ တီကျစ်မျိုးသန့်ခြံမှ သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကွန်ပေါင်းဓာတ်မြေဩဇာကို ပေါ့အင်ကျေးရွာအုပ်စုမှ တောင်သူတစ်ဦးထံသို့လည်းကောင်း **(အပေါ်ပုံ)**၊ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်နှင့် တာဝန်ရှိသူတို့က သဘာဝဓာတ်မြေဩဇာများကို မွေးပြင်ကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စုနှင့် ပေါ့အင်ကျေးရွာအုပ်စုတို့ရှိ တောင်သူများအား ထောက်ပံ့ပေးအပ်သည်။

အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာများသို့ ပုလဲဓာတ်မြေဩဇာ ၁၉ အိတ်၊ ကွန်ပေါင်းဓာတ်မြေဩဇာ ၁၉ အိတ်၊ ပေါင်းစည်းလယ်ယာ သဘာဝဓာတ်မြေဩဇာ အိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့နောက် ပြည်နယ်ကြီးချုပ်နှင့်အဖွဲ့သည် အစားထိုးသီးနှံပင်များအဖြစ် ပေးအပ်ရန် စိုက်ပျိုးထားသော ပျိုးပင်များဖြစ်သည့် လက်ဖက်၊ ထောပတ်၊ ကော်ဖီပင်များကို လှည့်လည်ကြည့်ရှုပြီး ပင်လောင်းမြို့နယ် ဆောင်းပေါင်ကျေးရွာ၌ အစားထိုးသီးနှံအဖြစ် စိုက်ပျိုးထားသည့် ထောပတ်စိုက်ခင်းနှင့် နှမ်းလုံးစိုက်ခင်းကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ခွန်အောင် (နောင်တရား)**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၁၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၆၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၆၅ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၈၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၃၀/၈၆၅ ကျပ် | ၉၁၀/၉၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၀/၉၆၀ ကျပ် | ၁၀၁၅/၁၀၁၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၂၂ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၉၈ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၀ . ၉ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၇၂ . ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၀၉ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၅၁ . ၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၃၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၄၇၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၆၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၅၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၄၆၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၁၁၉၄ | ၁၃၁၂၃၃၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၇၁၆၈ | ၂၈၆၅၆၈၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၃၃၉ | ၂၈၂၄၆၀၀ |
| FPB | ၂၃၅၀၀ | ၂၃၅၀၀ | ၆ | ၁၄၁၀၀၀ |
| TMH | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# ပင်လယ်ပြင်ကျယ်ကြီးထဲက ဉာဏ်ရည်မြင့်မားတဲ့ စိတ်ဝင်စားစရာ သတ္တဝါတွေ

ကေ-ဂျူဝယ်လ်

**မင်္ဂလာပါကလေးတို့ရေ၊ ပင်လယ်ကြီးထဲမှာဖြစ်ဖြစ်၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေမှာဖြစ်ဖြစ် ရေသတ္တဝါတွေရှိကြသတဲ့။ ရေသတ္တဝါဆိုတာ ကလေးတို့ သိကြမှာပါ။ ငါး၊ ပုစွန်၊ မိကျောင်း၊ လိပ်၊ ကဏန်း၊ ရေဘဝဲနဲ့ အခြားသောရေထဲမှာ နေကြတဲ့ အကောင်တွေပေါ့ကွယ်။ မမတို့ကမ္ဘာကြီးဟာ မြေကြီးထက် ရေပြင်ကြီးတွေက ပိုများတာကြောင့် ရေသတ္တဝါပေါင်းများစွာလည်း ရှိတာပေါ့။ ဒီတစ်ပတ်မှာတော့ ကလေးတို့ ကြားဖူးနေကျ အမည်တွေနဲ့ မြင်ဖူးသိဖူးတဲ့ ရေသတ္တဝါတွေထဲက ဉာဏ်ရည်မြင့်မားတဲ့ ပင်လယ်သတ္တဝါတွေအကြောင်းကို စတင်ပြောပြပါမယ်။**



### ရေဘဝဲ

ခြေထောက်ရှစ်ချောင်းရှိတဲ့ ရေဘဝဲတွေ ရေထဲမှာ သွားလာနေတဲ့ပုံကို ကလေးတို့ ကာတွန်းကားတွေ၊ ဇာတ်လမ်းတွေနဲ့ ရုပ်သံသတင်းတွေမှာ မြင်ဖူးကြမှာပါ။ သူတို့တွေက ငါးနဲ့လည်းမတူ၊ ပုစွန်နဲ့လည်းမတူဘဲ ပျော့တိပျော့ပြဲ ပုံသဏ္ဌာန်တစ်မျိုးနဲ့ ရေထဲမှာနေကြသူတွေပေါ့။ မမသိရသလောက် သူတို့ဟာ ကျောရိုးမဲ့သတ္တဝါတွေအထဲမှာတော့ ဉာဏ်ရည်မြင့်မားတဲ့သတ္တဝါတွေ ဖြစ်ပါသတဲ့။ မာကျောတဲ့အရိုးတွေမပါတဲ့အတွက် ဘယ်နေရာကိုဖြစ်ဖြစ် လျင်လျင်မြန်မြန် ဝင်ထွက်သွားလာနိုင်သလို သူတို့ကို နှောင့်ယှက်မယ့်ရန်သူတွေနဲ့ ကြုံလာရင်လည်း အဆိပ်ရည်တစ်မျိုးကို ထုတ်လွှတ်ပြီး အန္တရာယ်ပြုလေ့ရှိကြသတဲ့။ ရေဘဝဲအမျိုးအစားပေါင်း ၃၀၀ ဝန်းကျင်ရှိသတဲ့။ သူတို့တွေအားလုံးဟာ အဆိပ်ရည်ကို ပိုင်ဆိုင်ထားကြပေမယ့် လူကိုသေစေနိုင်တဲ့ အန္တရာယ်ရှိတဲ့ အဆိပ်ပါတာတော့ ရေဘဝဲအမျိုးအစား တစ်မျိုး၊ နှစ်မျိုးလောက်ပဲ ရှိတာပါ။ အပြာရောင်ရှိတဲ့ သူတို့ရဲ့အဆိပ်ရည်တွေက ပင်လယ်ရေထဲမှာ ရန်သူတွေကို ကာကွယ်ပေးနိုင်ပြီး သူတို့ဟာ အရောင်ပြောင်းလဲပြီး ပုန်းတာနဲ့ ရန်သူကိုပုန်းပြီး အနောက်ကနေ အလစ်ဝင်တိုက်တာမျိုးကိုလည်း လုပ်နိုင်ပါသတဲ့။ သန္တာကျောက်တန်းတွေနဲ့ သမုဒ္ဒရာကြမ်းပြင်အောက် အတော်နက်နက်မှာ သူတို့နေကြပြီး စုပ်ခွက်ကြီးတွေပါတဲ့ လက်ရှစ်ချောင်းကလည်း ရေသတ္တဝါငယ်လေးတွေကို အလျင်အမြန်နဲ့ ဖမ်းယူစားသောက်တတ်တာမို့ ငါးသေးသေးလေးတွေကတော့ သူ့ကို ကြောက်ကြတာပေါ့ကွယ်။

### အမဲလိုက်တဲ့ အော်ကာဝေလငါး (whale Orca)

ကလေးတို့ရေ ဉာဏ်ကောင်းပြီး အမဲလိုက်တတ်လွန်းတဲ့ ဝေလငါးတစ်မျိုးရှိပါတယ်။ သူက နောက်ကျောဘက်က အနက်ရောင်ရှိပြီး ဝမ်းဗိုက်ကတော့ အဖြူရောင်ရှိပါတယ်။ မျက်လုံးနှစ်လုံးစလုံးက အဖြူရောင်ဖြစ်ပြီး အသားစားမျိုး ဖြစ်ပါတယ်။ အမဲလိုက်တဲ့အခါမှာ အလွန်ကိုဉာဏ်များသလို သူ့ခန္ဓာကိုယ်အရွယ်အစားကိုလည်း သေးသွယ်သယောင် ဖန်တီးတတ်ပါတယ်။ သူတို့မှာ မျိုးကွဲပေါင်း လေးမျိုးလောက်ရှိပြီး အများစုဟာ ကမ်းရိုးတန်းတွေအထိ ကျက်စားကြတာပေါ့။ ရေပေါ်ကိုလည်း ခုန်တက်လာတတ်သလို အလွန်လည်း ရေကူးကျွမ်းပါတယ်။ တစ်နာရီမှာ ကီလိုမီတာ ၆၀ ကနေ ၇၀ အထိ ရေကူးနိုင်ကြပါတယ်။ ပြီးတော့ ရေနေနို့တိုက်သတ္တဝါတွေထဲမှာ သူပါတာပေါ့။ တစ်နေ့ကို ကီလိုမီတာ ၁၀၀ အကွာအဝေးလောက်ကို အစာရှာနေကြပါသတဲ့။



သူတို့ဟာ အသံလေးတွေကိုလည်း ဖန်တီးနိုင်ပြီး ပွဲတင်သံကို နားထောင်လို့ သူတို့ရဲ့အစာကို ရှာဖွေတတ်ကြတာပါ။ သူတို့ကို လူသားတွေကလွဲပြီး ပင်လယ်ထဲက တိရစ္ဆာန်အတော်များများကတော့ ဒုက္ခမပေးနိုင်လောက်တဲ့အထိ အစွမ်းရှိကြပါတယ်။ ငါးမန်းတွေ၊ ဝေလငါးတွေကနေစပြီး ပင်ဂွင်ငှက်တွေ၊ ပင်လယ်ဖျံတွေနဲ့ ငါးအမျိုးအစားအားလုံးကို သူကတော့ အမဲလိုက်ပစ်တာပဲပေါ့။ ရေခဲပြင်တွေအောက်မှာလည်း တိုက်ခိုက်နိုင်သလို သူ့မှာပြင်းထန်တဲ့အဆိပ်ရှိပြီး သူ့အစာဟာ ဘယ်တော့မှ သူတို့လက်ထဲက လွတ်ရိုးထုံးစံမရှိသလောက်ပါတဲ့။ အမဲလိုက်ဝေလငါးမေမေတွေဟာ သူ့ရဲ့ သားသမီးတွေကို အသံထွက်စေဖို့ သင်ကြားပေးသလို သူတို့မိသားစုဝင်တွေ ဆက်သွယ်တဲ့အသံစနစ်ဟာလည်း အတော်လေး အဆင့်မြင့်တယ်လို့ စူးစမ်းရှာဖွေသူတွေက ဆိုပါတယ်။



### လင်းပိုင်

ဘောလုံးလေးတွေနဲ့ ရေထဲမှာအလှပြတဲ့ ဆပ်ကပ်လင်းပိုင်လေးတွေကို ရုပ်သံတွေမှာ မြင်ဖူးကြသလား။ လင်းပိုင်တွေဟာ ပင်လယ်၊ မြစ်၊ ချောင်းတွေထဲမှာ အလုပ်လုပ်နေကြတဲ့ ပင်လယ်ပျော်ကြီးတွေရဲ့ အချစ်တော်တွေပေါ့ ကလေးတို့ရေ။ သူက ဝေလငါးနဲ့လည်း အမျိုးတော်စပ်တာပေါ့။ မျိုးစိတ်ကတော့ ၄၀ လောက်ရှိပြီး အရွယ်အစားကတော့ သုံးပေလောက်ကနေ ပေ ၃၀ လောက်အထိ ရှည်ကြတဲ့အကောင်တွေပဲ။ အရောင်က အမည်းရောင်ခပ်မွဲမွဲဖြစ်ပေမယ့် အလွန်နူးညံ့တဲ့ အရေပြားကို ပိုင်ဆိုင်ထားကြတယ်။ လင်းပိုင်တွေက ရေဘဝဲတွေလိုပဲ ဉာဏ်ကောင်းတဲ့အကောင်တွေပေါ့။ ထက်ထက်မြက်မြက်ရှိတဲ့အတွက် အစာရှာရာမှာ လွယ်ကူသလို လူတွေနဲ့လည်း အင်မတန်မိတ်ဆွေဖြစ်လွယ်တဲ့ ရေသတ္တဝါပေါ့။ လူတွေနဲ့ ဆော့တယ်။ အတူတူ ရေကစားတယ်ဆိုတော့ အိမ်မှာမွေးထားတဲ့ ခွေးလေးတွေ၊ ကြောင်လေးတွေလိုပဲလို့တောင် ထင်ရပါတယ်။ ပင်လယ်ထဲမှာ၊ မြစ်တွေထဲမှာ သင်္ဘောတွေမောင်းသွားရင် သူတို့သိပ်ပျော်ကြသတဲ့။ သင်္ဘောကြီးတွေနောက်ကနေ အုပ်စုလိုက် မိုင်ပေါင်းများစွာ လိုက်သွားကြပြီး အားရပါးရမြူးတူးကြပါသတဲ့။ မမတို့ဆီမှာလည်း ဧရာဝတီလင်းပိုင်လို့ ခေါ်တဲ့ လင်းပိုင်တွေဟာ ဧရာဝတီမြစ်ကြီး အလယ်ပိုင်းတစ်လျှောက်မှာ အုပ်စုလိုက်ရှိကြပါတယ်။ ငါးဖမ်းတဲ့ တံငါသည်တွေကို ဘယ်နေရာမှာ ငါးအုပ်ရှိနေလဲဆိုတာ သတင်းပေးတတ်သတဲ့။ အကောင်ကြီးသလို အစားလည်းပုတ်တဲ့အတွက် ငါးလေးတွေကိုဆိုရင် အုပ်စုလိုက်မြင်တာနဲ့ တစ်အုပ်စုလုံးကို ကုန်အောင်စားပစ်တတ်သတဲ့။ ဒါပေမယ့် သူတို့ဟာ လူတွေနဲ့ ရင်းနှီးလွယ်တဲ့အတွက် သတ်ဖြတ်စားသုံးမှုကိုလည်းခံရတဲ့ သနားစရာသတ္တဝါတွေပေါ့ ကလေးတို့ရေ။ ။

---

## လောကဝတ် (Etiquette)

မမမေ

# အသေးစိတ်ဂရုပြုရမယ့်ကလေးတို့ရဲ့ လောကဝတ်ကလေးတွေ - ၁

**ကလေးတို့ရေ ဒီတစ်ပတ်မှာတော့ နေ့စဉ်ကြုံရမယ့် ကလေးတို့ဘဝမှာ သေးသေးလေးတွေပေမယ့် သတိထားရမယ့် အချက်ကလေး သုံးခုကို ပြောလိုပါတယ်။ အရေးမကြီးဘူးလို့ ထင်ရပေမယ့် ကလေးတို့ကို လိမ္မာယဉ်ကျေးတဲ့ ကလေးလေးတွေ၊ ကလေးတို့ကြောင့် သူများအလုပ်ရှုပ်သက်သာစေတဲ့ အကြောင်းလေးတွေပေါ့။**




### အစာစားပြီးရင် သန့်ရှင်းရေးလုပ်သလား

မုန့်စားတာဖြစ်ဖြစ်၊ ထမင်းစားတာဖြစ်ဖြစ် အစာစားပြီးဆိုရင် ကလေးတို့လက်ကလေးတွေက သေးသေးလေးတွေမို့ စားပွဲပေါ်မှာ ကလေးတို့မုန့်အစအနတွေနဲ့ ထမင်းလုံးလေးတွေ ကျကျန်ရစ်ပါတယ်။ ငယ်ငယ်တုန်းကတော့ မေမေတို့၊ ဖေဖေတို့က အစအဆုံး လိုက်လုပ်ပေးကြတာပေါ့ ကလေးတို့ရယ်။ ကလေးတို့က ကိုယ့်တာဝန်ကို ကိုယ်နိုင်မယ်ဆိုရင် အကောင်းဆုံးပေါ့။ ထမင်းစားပြီးတိုင်း၊ မုန့်စားပြီးတိုင်း ကျသွားတဲ့အမှိုက်ကလေးတွေ၊ အစအနလေးတွေကို ကောက်သိမ်းမယ်၊ ပန်းကန်တွေ၊ ခွက်တွေကို ဆေးကြောတဲ့နေရာကို ပို့ပေးမယ်၊ မုန့်အခွံတွေကို အမှိုက်ပုံးထဲ စွန့်ပေးကြမယ်ဆိုရင် ဘယ်နေရာရောက်ရောက် ကလေးတို့ကို လိမ္မာတဲ့ကလေးတွေအဖြစ် သတ်မှတ်ကြမှာပါ။ အသက်တွေ ကြီးလာပြီး လူကြီးတွေဖြစ်လာတဲ့အခါမှာလည်း စနစ်ကျတဲ့ လူကြီးလူကောင်းတွေ ဖြစ်လာမှာပေါ့ကွယ်။

### ကျီးကန်းလေးတွေလို မျက်စိလျင်ပါစေ

ကျီးကန်းလေးတွေက အစာစားမယ်ဆိုရင် သူ့ကို ဘယ်သူအန္တရာယ်ပြုမလဲဆိုတာကို အရင်ကြည့်ပြီးမှ စားတတ်ကြသတဲ့။ သဘောကတော့ ရှေ့မှာကိုယ်လိုချင်တာကို တွေ့တာတောင် ယူသင့်မယူသင့်အရင်ဆုံး ကြည့်သေးတာပေါ့။ ကလေးတို့ဟာလည်း တစ်ခုခု လိုချင်တဲ့အခါတိုင်း၊ ပူဆာလိုတဲ့အခါတိုင်းမှာ ရနိုင်ပါ့မလား၊ အတင်းတောင်းလို့ရပါ့မလား၊ မေမေတို့ ဖေဖေတို့ကရော ဝယ်ပေးနိုင်မလား၊ သူများတွေကရော ကလေးတို့လိုလားချက်ကို ပေးနိုင်တဲ့အချိန်အခါ ဖြစ်သလားဆိုတာကို သတိပြုသင့်ပါသတဲ့။ အခြေအနေကောင်းတယ်ဆိုရင်တော့ ပူဆာသမျှ အဆင်ပြေနိုင်တာပေါ့ ကလေးတို့ရေ၊ အခြေအနေမပေးဘဲ လူကြီးတွေလည်း မအားရင်တော့ ကလေးတို့ ပူဆာသမျှ မရနိုင်တဲ့အပြင် ကလေးဆိုးလေးတွေလို့တောင် ပြောခံရနိုင်တယ်ဆိုတော့ သတိထားပြီး အခြေအနေကို အရင်ကြည့်ပြီးမှ ပူဆာကြပေါ့နော်။

### အဝတ်အစားတွေကိုမဖွနဲ့နော်

ခရီးသွားတဲ့အခါဖြစ်ဖြစ်၊ အိမ်မှာနေတဲ့အခါဖြစ်ဖြစ် ကလေးတို့ရဲ့ အဝတ်အစားတွေကို မေမေတို့က သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးကြမယ်ထင်ပါတယ်။ သူတို့တွေက မအားတဲ့ကြားက ကလေးလေးတို့ သန့်ရှင်းပြီး လှပနေအောင် လုပ်ပေးကြတာပေါ့။ တချို့ဆိုးတဲ့ ကလေးလေးတွေဟာ မေမေတို့၊ ဘွားဘွားတို့ သပ်သပ်ရပ်ရပ် လုပ်ထားတဲ့ အဝတ်တွေကို ဖွပစ်တတ်ကြတယ်။ အဲဒီကလေးတွေ ကြီးလာတဲ့အခါမှာလည်း သူတို့ အဝတ်အစားတွေကို ဘယ်လိုသပ်သပ်ရပ်ရပ် ထားရမလဲဆိုတာကို သိပ်မသိကြဘူးတဲ့။ ကလေးတို့ကတော့ လိမ္မာတဲ့ကလေးတွေအဖြစ် နေကြသူတွေဆိုတော့ မမက အကြံပေးချင်ပါတယ်။ အဝတ်အစားတွေကို ဝတ်ဖို့ထုတ်ကြတဲ့အခါ သပ်သပ်ရပ်ရပ်ဖြစ်အောင် ထုတ်ရမယ်။ ရှုပ်ပွနေအောင် မလုပ်ပစ်ရဘူး။ ဒါမှလည်း ကလေးတို့ အဝတ်အစားလေးတွေက ဝတ်ချင်စဖွယ်ဖြစ်နေမှာပေါ့။ ကြီးလာတဲ့အထိ အဝတ်အစားတွေကို သေသေချာချာ သိမ်းတတ်သွားမယ်ဆိုရင် စမတ်ကြပြီး လှပတဲ့သူတွေဖြစ်လာနိုင်တာ ပေါ့ကွယ်။ ။




HTOO



စမ်းချောင်းကိုကိုအောင်


ပလာတူး၊ နင့်ကို မေးခွန်းတစ်ခုမေး မယ်၊
ကြိုက်တာမေး...
လိပ်တွေဘာကြောင့်အသွား နှေးတယ်ဆိုတာ သိလား၊
ဒါလေးများ၊ မြန်အောင် မသွားနိုင်လို့ပေါ့ဟ၊
နင့်ကိုငါပြန် မေးမယ်..၊
မေး....၊
ကမ္ဘာပေါ်မှာ တိုက်ကြီးဘယ် နှတိုက်ရှိလဲ
ငါတို့ရပ်ကွက်ထဲမှာတောင် တိုက်တွေဘယ်နှတိုက် ရှိမှန်းနင်သိလို့လား၊




ဘယ်ကျော်
ဒါကတော့
တစ်ပတ်မှာ တနင်္ဂနွေနေ့ကို
အပျော်ဆုံးပဲဟ...
နှင်ရော...။ ဘယ်နေ့အပျော်
ဆုံးလဲ...ဘယ်ကျော်...
စနေနေ့...
ဟင်...
ဘာလို့...
စနေနေ့မှာကျောင်း
တက်စရာမလိုပဲတစ်နေ့ကုန်
ဆော့လို့ရတယ်လေဟ...
ဒါပေမယ့်
တနင်္ဂနွေနေ့လည်းကျောင်း
ပိတ်တာပဲဟ...
တနင်္ဂနွေနေ့ကျတော့ နောက်နေ့ကျောင်း
ပြန်တက်ရမှာကိုသိနေတော့ စနေနေ့လောက်ပျော်
စရာမကောင်းတော့ဘူး...မိဖွေးရ...



# ကမ္ဘာကျော် ရိဒ်ရေကန်သွားကားလမ်းကို ဖလမ်းခရိုင် ကျေးလက်လမ်းဦးစီးဌာနက အဆင့်မြှင့်တင်

**ရန်ကုန် နိုဝင်ဘာ ၂**

ချင်းပြည်နယ် ဖလမ်းမြို့မှ ရိခေါဒါရ်မြို့နှင့် ကမ္ဘာကျော် ရိဒ်ရေကန်သို့သွားသော တလပ်လွန်-ခဲင်ကန်-ခေါရွာ-ကျဲရ်မွန်-ဖလမ်း-ရိဒ် ကားလမ်းကို ဖလမ်းခရိုင် ကျေးလက်လမ်း ဦးစီးဌာနက အဆင့်မြှင့်တင်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ်၌ တလပ်လွန်-ခဲင်ကန်-ခေါရွာ-ကျဲရ်မွန်-ဖလမ်း-ရိဒ် ကားလမ်းသည် မိုင်တိုင်(၉/၇)(တလပ်လွန်ဒေသ)မှ ခင်ကန်-ခေါရွာ-ကျဲရ်မွန်ကျေးရွာများကိုဖြတ်ပြီး ဖလမ်းမှ ရိဒ်ခေါဒါရ်မြို့သို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်း ဖြစ်သည်။ ဖလမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၏ လမ်းအဆင့် သတ်မှတ်ချက် 'A' စာရင်း၌ ပါဝင်ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၈၄ အိမ်၊ လူဦးရေ ၈၆၉ ဦးတို့အား အကျိုးပြုနေသော ကျေးရွာချင်းဆက် လမ်းမကြီးဖြစ်သည်။

အဆိုပါလမ်းသည် ယခင်က လမ်းအရှည် ၆ မိုင် ၄ ဖာလုံရှိသော ဆိုင်ကယ်လမ်းဖြစ်ခဲ့ပြီး ကားလမ်းအဖြစ် ဖောက်လုပ်ရာတွင် လမ်းအူကြောင်းပြောင်းလဲသွားသောအပိုင်းများ ရှိခြင်းကြောင့် လက်ရှိ လမ်းအရှည်မှာ ၇ မိုင် ၄ ဖာလုံ ဖြစ်သွားခဲ့သည်။

၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဖလမ်းမြို့နယ်ခရီးစဉ်တွင် လမ်းညွှန်ချက်အရ ထိုကားလမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းပြီးစီးပါက ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ဖလမ်း)သို့ လုပ်ငန်းလွှဲပြောင်းပေးရန်နှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် ဒုဝန်ကြီးက လမ်းညွှန်ခဲ့သည်။

တလပ်လွန်- ခဲင်ကန်- ခေါရွာ- ကျဲရ်မွန်လမ်း အဆင့်မြှင့်တင်ခဲ့မှုများမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က နတလဦးစီးဌာနက ကျပ် ၅၈ ဒသမ ၂ သန်းဖြင့် ပေ ၃၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျပ် ၁၃၁ ဒသမ ၇၉၇ သန်းဖြင့် လမ်းအရှည် ၇ မိုင် ၄ ဖာလုံ၌ ၂၁ ပေ အကျယ်ချဲ့ခြင်း၊ ကျပ် ၂၇ သန်းဖြင့် ကွန်ကရစ်ရေထုတ်ပြွန် ခုနစ်စင်း တည်ဆောက်ခြင်း၊ ၂၀၁၈ (၆)လ ဘတ်ဂျက်တွင် ကျပ် ၁၅၀ ဒသမ ၃ သန်းဖြင့် ပေ ၅၀ နှင့် ပေ ၃၀ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းတို့ ဖြစ်သည်။

ဖလမ်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနကလည်း ၂၀၁၈ (၆)လ ဘတ်ဂျက်၌ လမ်းအစ နှစ်မိုင်တွင် ၂၄ ပေ အကျယ်ချဲ့ခြင်း၊ ခြောက်လက်မထု ကျောက်လမ်းခင်းခြင်း၊ မြေပြိုခြင်းမှကာကွယ်ရန် ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၈-၂၀၁၉ (၁၂)လ ဘတ်ဂျက်တွင် ခဲင်ကန်ရွာအတွင်း ကျောက်လမ်းခင်းရန် လမ်းချဲ့ရာတွင် မြေပြိုခြင်းမှကာကွယ်ရန် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ရေထွက်ပေါက်များတည်ဆောက်ခြင်းတို့ကို ကျပ် ၂၂၈ ဒသမ ၃၆ သန်း အကုန်ကျခံ၍ ဆောင်ရွက်ခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်သွားရန် လျာထားမှုများမှာ ကျပ် ၂၂၈ သန်းဖြင့် လမ်းအကျယ် လေးမိုင်ကို



အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ထားသော လမ်းပိုင်းတစ်နေရာ။

အကျယ် ၁၄ ပေမှ ၂၁ ပေ ချဲ့ခြင်း၊ ရေကာနံရံပါ သံကူကွန်ကရစ်ရေထုတ်ပြွန်များ တည်ဆောက်ခြင်း၊ ကျပ် ၁၂၈ သန်းဖြင့် လမ်းအရှည် ၁ ဒသမ ၄ မိုင်၌ ၁၄ ပေမှ ၂၁ ပေချဲ့ခြင်း၊ ရေထုတ်ပြွန်များ တည်ဆောက်ခြင်း၊ ကျပ် ၈၀၆ ဒသမ ၂၅ သန်းဖြင့် လမ်း၏ မိုင်တိုင်(၆)နှင့် (၇/၄)ကြား၌ ၁၄ ပေမှ ၂၄ ပေ ချဲ့ခြင်း၊ မိုင်တိုင် (၂)နှင့် (၇/၄) ကြားမှ လမ်းအရှည် ငါးမိုင်တွင် ကျောက်ခင်းခြင်း၊ ကွှောင်းဒွန့်ချောင်း၌ ပေ ၃၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် မြေကာနံရံများ တည်ဆောက်ခြင်းတို့ကို လျာထားကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

# မော်လိုက်မြို့နယ်မှ မှော်ကူးမူလတန်းကျောင်းကို အဆင့်တိုးမြှင့်ပေးရန် လိုအပ်နေ

**မော်လိုက် နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ် မှော်ကူးကျေးရွာမှ မူလတန်းအောင်ပြီးသော ကျောင်းသားကျောင်းသူများသည် အလယ်တန်းနှင့် အထက်တန်းတက်ရန် ချင်းတွင်းမြစ်ကို ကူးတို့ဖြင့်ဖြတ်၍ ကင်းတပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်နေရပြီး အသက်အန္တရာယ် စိုးရိမ်ရခြင်းကြောင့်လည်းကောင်း၊ ကူးတို့ခ လစဉ်တစ်ဦးလျှင် ကျပ် ၃၀၀၀ ပေးနေရခြင်းကြောင့်လည်းကောင်း မူလတန်းအဆင့် အောင်မြင်ပြီးပါက ကျောင်းထွက်လိုက်သူများ ရှိနေသဖြင့် မှော်ကူးရွာ မူလတန်းကျောင်းကို မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် ကျောင်းသားမိဘများက လိုလားနေကြသည်။

လက်ရှိ မှော်ကူးကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းသာရှိရာ စတုတ္ထတန်း အောင်မြင်ပြီးပါက ကျောင်းသား ကျောင်းသူများသည် ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ကင်းတပ်ကျေးရွာအထကသို့ သွားရောက် ပညာသင်ကြားရပြီး ထိုသို့ ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ ၆၀ ကျော် ရှိသည်။ မြစ်ကူး၍ ကျောင်းတက်ရသည့် ကလေးများအနက် ပဉ္စမတန်း ကျောင်းသားကျောင်းသူလေးများမှာ အသက်အရွယ်အားဖြင့်ငယ်လွန်း၍ မြစ်ကူးချိန်တွင် အန္တရာယ်များသောကြောင့်လည်းကောင်း၊ မြစ်ဖြတ်ရန် ကူးတို့ခအဖြစ် တစ်ဦးလျှင် တစ်လ ကျပ် ၃၀၀၀ နီးပါး ပေးရသဖြင့် ဆင်းရဲချို့တဲ့သည့် ကျောင်းသားမိဘများအတွက် အခက်အခဲရှိသောကြောင့်လည်းကောင်း မူလတန်းအောင်ပြီး ကျောင်းထွက်လိုက်သည့် ကျောင်းသားကျောင်းသူများ ရှိနေသည့်အတွက် မူလတန်း(လွန်) ကျောင်းအဆင့် တိုးမြှင့်ပေးစေလိုခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ် စည်ပင်သာယာရေးကော်မတီ အနေဖြင့်လည်း ကျောင်းသား ကျောင်းသူများအတွက် ကူးတို့ပိုင်ရှင်အား ခေါ်ယူညှိနှိုင်းမှုများ ဆောင်ရွက်ပေးထားကြောင်း၊ ညှိနှိုင်းရာတွင် ကူးတို့ခများကို ယခင် ကျောင်းသားမိဘများနှင့် ညှိနှိုင်းထားသည့် တစ်လ ကျပ် ၂၅၀၀ နှုန်းထားအတိုင်း ကောက်ခံရန်၊ သတ်မှတ်နေရာအထိ အရောက် ပို့ပေးရန်နှင့် ကျောင်းသား ကျောင်းသူများ အသက်အန္တရာယ် ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်သွားရန် ညွှန်ကြားထားကြောင်း မြို့နယ် စည်ပင်သာယာရေး ကော်မတီ အမှုဆောင်အရာရှိ ဦးဇော်ဇော်ထွန်းက ပြောကြားသည်။

မြို့နယ်ပညာရေးမှူး ဦးထန်ရှင်းခုပ်ကလည်း မြို့နယ်ပညာရေးမှူးရုံးအနေဖြင့် ကျောင်းအဆင့်တိုးမြှင့်လျှောက်ထားနိုင်ကြောင်း အကြောင်းကြားစာ ရရချင်း အခြေခံပညာကျောင်းများ အားလုံးကို အသိပေး အကြောင်းကြားခဲ့ကြောင်း၊ ပေးပို့လာသည့် ကျောင်းအဆင့်တိုးမြှင့် လျှောက်လွှာများကို လည်း သီတင်းကျွတ် ရုံးပိတ်ရက်မတိုင်မီ စုစည်းပြီး တိုင်းပညာရေးမှူးရုံးသို့ ဆက်လက် ပေးပို့ထားကြောင်း၊ ကျောင်းအဆင့်တိုးမြှင့်ခြင်းကို လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ ကျောင်းသားဦးရေ အနည်းအများ၊ ကျောင်းသားမိဘများ၏ ပံ့ပိုးမှုရှိခြင်းနှင့် သဘာဝဘေးအန္တရာယ် အတားအဆီး ရှိခြင်း စသည့် အချက်များကိုကြည့်ပြီး တိုးမြှင့်ပေးကာ ကျောင်းအဆင့်တိုး ရရှိပါက ပထမနှစ်တွင် သင်ကြားရေး ဆရာ ဆရာမများကို ချထားပေးနိုင်ခြင်းမရှိသည့်အတွက် ကျေးရွာက ဆရာ ဆရာမများ ငှားရမ်းပေးရမည်ဖြစ်ကြောင်း သိရသည်။

မှော်ကူးကျေးရွာ၌ မူလတန်းကျောင်းကို မူလတန်း(လွန်)ကျောင်းအဖြစ် အဆင့်တိုးမြှင့်ခွင့်ရပါက ယင်းကျေးရွာရှိ ဆင်းရဲချို့တဲ့သည့် မိသားစုများမှ ပညာကို လိုလားစွာ သင်ယူလိုကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် စာပေပညာကို စိတ်အေးချမ်းသာစွာ ဆက်လက်သင်ကြားသွားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မော်လိုက်သားလေး**

# စစ်ကိုင်းဓာတ်ပုံအသင်း၏ ပြိုင်ပွဲနှစ်ပွဲအတွက် ဆုများရွေးချယ်

**စစ်ကိုင်း နိုဝင်ဘာ ၂**

စစ်ကိုင်းဓာတ်ပုံအသင်း၏ လပတ် ဓာတ်ပုံပြိုင်ပွဲနှစ်ပွဲဖြစ်သော အမှတ်စဉ်(၄) အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီ ပူဇော်ပွဲနှင့် အမှတ်စဉ်(၅) အင်းလေးခရီးစဉ် ပြိုင်ပွဲများအတွက် ဆုရွေးချယ်ပွဲကို နိုဝင်ဘာ ၁ ရက်က စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခန်းမ၌ ကျင်းပခဲ့သည်။

ဓာတ်ပုံများကို အကဲဖြတ်ဒိုင်များဖြစ်သည့် ဦးကျော်ဝင်း(လှုဂုဏ်ရည်)၊ ဦးမောင်မောင်လတ်(ချစ်ညို)၊ မောင်မောင်လှတင့်(မန်းတက္ကသိုလ်)၊ ဦးတင်မြ(နေနွယ်)၊ ဦးသန်းထွန်းဝင်း(တင်ထွန်းဓာတ်ပုံ)တို့က ရွေးချယ်ပေးခဲ့ကြကာ အမှတ်စဉ်(၄)ပြိုင်ပွဲတွင် ပထမဆုကို လှိုင်မျိုး(စစ်ကိုင်း)၊ ဒုတိယဆုကို နေမျိုးအောင်(ကောင်းလမ်းပွင့်)၊ တတိယဆုကို ကိုဖြိုး(Jicon)နှင့် နှစ်သိမ့်ဆုများကို အောင်ငြိမ်းဦး(မတ္တရာ)၊ ဖိုးလပြည့်(စစ်ကိုင်း)နှင့် ထွန်းမင်းဦး(ရွှေစင်)တို့က ရရှိခဲ့သည်။ အမှတ်စဉ်(၅)ပြိုင်ပွဲတွင် ပထမဆုကို ဖိုးလပြည့်(စစ်ကိုင်း)၊ ဒုတိယဆုကို နေမျိုးအောင်(ကောင်းလမ်းပွင့်)၊ တတိယဆုကို ကိုဖြိုး(Jicon)နှင့် နှစ်သိမ့်ဆုများကို ဖြိုးသူထွန်း(ရွှေစင်)နှင့် အောင်ငြိမ်းဦး(ပန်းနုရောင်)တို့က ရရှိခဲ့သည်။

**အောင်စံမောင်**

# တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်သူများ တွေ့ဆုံ

**ကောလင်း နိုဝင်ဘာ ၂**

ကောလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူဝင်းနှင့် မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဝင်များသည် သဲချောင်းကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံပြည်သူများနှင့် အောက်တိုဘာ ၃၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် လွှတ်တော်ကိုယ်စားလှယ်က လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများက ကျောင်းဆောင်သစ်ရရှိရေး၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေး၊ စိုက်ပျိုးရေ အဆင်ပြေစွာရရှိအောင် ဆောင်ရွက်ပေးရေး၊ ရေပေးမြောင်းများ ပြန်လည်ပြုပြင်ပေးရေးနှင့် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် တင်ဒါအောင် ကုမ္ပဏီများအား လုပ်ငန်းအရည်အသွေးပြည့်မီအောင် စစ်ဆေးကြီးကြပ်ပေးရေး စသည်တို့ကို တင်ပြဆွေးနွေးခဲ့သည်။

**မြင့်ထွန်းမင်း(ပြန်/ဆက်)**



သက်ငယ်မုဒိမ်းမှု ကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲကို လှိုင်သာယာမြို့နယ် (၁၉)ရပ်ကွက်ရှိ အမက (၄၈) မူလတန်းကျောင်း၌ နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့ရာ လှိုင်သာယာမြို့မရဲစခန်းမှူး ဒုရဲမှူးစန်းယု ဟောပြောနေစဉ်။(ဟောပြောပွဲသို့ ကျောင်းသားကျောင်းသူ ၇၀၊ ကျောင်းသားမိဘ ၃၀ ခန့်နှင့် ဆရာ ဆရာမ ၂၀ ခန့် တက်ရောက်ကြသည်။) (၀၀၇)

# မြန်မာရွှေ့ပြောင်းအလုပ်သမားများအား ကော့သောင်းနယ်စပ်ဂိတ်၌ ပြန်လည်လက်ခံ

**ကော့သောင်း နိုဝင်ဘာ ၂**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၇၆ ဦးနှင့် အမျိုးသမီး ၁၁ ဦးအား ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများက ရနောင်းမြို့မှတစ်ဆင့် ကော့သောင်းနယ်စပ်ဂိတ်သို့ ရေလမ်းခရီးဖြင့် အောက်တိုဘာ ၃၁ ရက်က လာရောက် လွှဲပြောင်းပေးခဲ့ရာ ကော့သောင်းမြို့နယ် တာဝန်ရှိအဖွဲ့အစည်းများက လက်ခံခဲ့ကြောင်း သိရသည်။



ပြန်ရောက်လာသော အလုပ်သမားများအား တာဝန်ရှိသူများက လက်ခံကြိုဆိုနေစဉ်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့ နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံ ဥပဒေများအရ အရေးယူခံရပြီး မြန်မာနိုင်ငံဘက်သို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့နှင့် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုလက်ခံခဲ့ကြကာ ပြည်သူ့ကျန်းမာရေးဌာနက လိုအပ်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာ ပြန်နိုင်ရန် ကူညီပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ပန်းတနော်မြို့နယ်၌ တန် ၁၀၀၀ ငါးအစာစက်ရုံ စတင်တည်ဆောက်တော့မည်



တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ စက်ရုံတည်ဆောက်ရန် ပိုင်တိုင်များ ရိုက်ပေးနေစဉ်။

**ပန်းတနော် နိုဝင်ဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဝါးခယ်မ-ရွှေလောင်း လမ်းမကြီးဘေးတွင် ငါးမွေးမြူထုတ်လုပ်သောဇုန်ကြီးကို တည်ဆောက်ထားရာ အဆိုပါဇုန်ကြီးအတွင်း တန် ၁၀၀၀ ငါးအစာစက်ရုံ စတင်တည်ဆောက်ရန် ပိုင်တိုင်ရိုက်သည့် အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတင်အောင်ဝင်း၊ ရခိုင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်စောနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဌေးမြင့်နှင့် Global Earth Agro & Aqua Industry အများပိုင်ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ခလုတ်နှိပ်၍ ပိုင်တိုင်များရိုက်သွင်းပေးခဲ့သည်။

တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးသည် စိုက်ပျိုးရေးကို အဓိကထားသလို တစ်ဖက်တွင် ရေချိုငါး မွေးမြူထုတ်လုပ်သော လုပ်ငန်းကိုလည်း အဓိက လုပ်ဆောင်နေကြောင်း၊ မွေးမြူရေးကဏ္ဍ အောင်မြင်ရေးအတွက် ကြိုးပမ်းရာတွင် သိသာစွာအောင်မြင်မှု ခြေလှမ်းတစ်ရပ်ကို ယခု စတင် တွေ့မြင်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

တန် ၁၀၀၀ ငါးအစာစက်ရုံ စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူများအား အလုပ်အကိုင် အခွင့်အလမ်းများ သောင်းနှင့်ချီ၍ ရရှိစေမည်ဖြစ်သလို တောင်သူတို့ စိုက်ပျိုးထုတ်လုပ်သော ကုန်ကြမ်းသီးနှံများကို ကုန်ချောအဖြစ် ပြည်ပသို့ ၉၀ ရာခိုင်နှုန်းခန့် တင်ပို့မည့် စီမံကိန်းဖြစ်ရာ တိုင်းဒေသကြီးအတွက် ဂုဏ်ယူဖွယ် စီမံကိန်းတစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းအောင်မြင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီအားပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး တောင်သူများ လိုအပ်နေသော ရင်းနှီးမြှုပ်နှံမှုတွင် အကူအညီပေးရန်လည်း ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်ကာလတွင် အကောင်အထည်ပေါ်လာမည် ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌကလည်း တန် ၁၀၀၀ ငါးအစာစက်ရုံသည် ဧက ၂၀ ကျယ်ဝန်းပြီး တန် ၃၀ ဘွိုင်လာစက်ရုံနှစ်ရုံနှင့်အတူ အစာစက်ရုံအတွက် စက်လိုင်းခြောက်လိုင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်း တန်ချိန် တစ်သောင်းနှင့် ကုန်ချော တန်ချိန် လေးထောင်ထွက် အဆောက်အအုံများကို တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံအတွက် ကုန်ကြမ်းအဖြစ် ပဲပုပ်ဖတ်၊ ပဲဖတ်၊ ဖွဲနု၊ ဂျုံဖွဲတို့ကို အသုံးပြုသွားမည်ဖြစ်ရာ ၈၀ ရာခိုင်နှုန်းကို ပြည်တွင်းမှ ဝယ်ယူ အသုံးပြုမည်ဖြစ်ကြောင်း၊ ဓာတ်အားနှင့် ဘွိုင်လာအတွက်လည်း စပါးခွံကို သုံးစွဲမည်ဖြစ်ကာ တစ်ရက်လျှင် တန်ချိန် ၁၅၀၀ ဝယ်ယူ သုံးစွဲမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပန်းတနော် ငါးမွေးမြူထုတ်လုပ်သောဇုန်ကြီးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ထွက်ရှိသော ငါးများကို ပြည်တွင်းစားသုံးရန်နှင့် ကုန်ချောအဖြစ် တစ်ရက်လျှင် တန် ၆၀၀ ထုတ်လုပ်နိုင်သော စက်ရုံကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ၂၀၂၀ နိုဝင်ဘာလတွင် လည်ပတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း၊ ဇုန်ကြီးအတွင်း ငါးသားဖောက်စခန်းများကိုလည်း တည်ဆောက်လျက်ရှိပြီး နာရီပိုင်းအတွင်း ကန်မှငါးကို စက်ရုံသို့ရောက်ရှိ ထုပ်ပိုးနိုင်သည့်အဆင့်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံအတွက် ရေကို ဧရာဝတီမြစ်နှင့် ရွှေလောင်းမြစ်တို့မှ ရယူအသုံးပြုမည်ဖြစ်ပြီး စွန့်ပစ်ရေကို လယ်ယာမြေတွင် အသုံးပြုနိုင်ရန် သန့်စင်သောနိုက်ထရိုဂျင်အဖြစ် ပို့လွှတ်မည်ဖြစ်ကြောင်း၊ ယခု စီမံကိန်းကြီးသည် ဝန်ကြီးဌာနများ၏ ကူညီအားပေးမှုကြောင့် အကောင်အထည်ဖော်နိုင်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအား ကျေးဇူးတင်ရှိကြောင်း အဖွဲ့ချုပ်ဥက္ကဋ္ဌက ဆက်လက် ပြောကြားသည်။

မြေဧက ၉၀၀ ကျယ်ဝန်းသည့် ပန်းတနော် ငါးမွေးမြူထုတ်လုပ်သောဇုန်ကြီးတွင် ယခု စတင်တည်ဆောက်သည့် ခေတ်မီ ငါးအစာစက်ရုံအပြင် နိုင်ငံတကာစံနှုန်းဖြင့် ကန်ကြပ် ငါးမွေးမြူရေးလုပ်ငန်း၊ ခေတ်မီ ငါးသားဖောက်စက်ရုံ၊ အအေးခန်းစက်ရုံနှင့် ဘေးထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သော စက်ရုံများကိုလည်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပူတာအို နိုဝင်ဘာ ၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်း(ဒုတိယနှစ်စက်ဝန်း) ရန်ပုံငွေဖြင့် လုံရှာယာန်ကျေးရွာအုပ်စုအတွင်းမှ ကျေးရွာငါးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆောင်ရွက်နေသော လုပ်ငန်းများမှာ ပန်ဆာဒီ(၂) ကျေးရွာတွင် ရန်ပုံငွေ ကျပ် ၆၃၆၀၀၀၀ ဖြင့် အရှည် ပေ ၂၆၀၀၊ အကျယ် ရှစ်ပေရှိ ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း၊ လုံရှာယာန်ကျေးရွာတွင် ရန်ပုံငွေ ကျပ် ၆၄၇၀၀၀၀ ဖြင့် အရှည် ပေ ၂၀၀၀၊ အကျယ် ရှစ်ပေရှိ ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း၊ မုံယာဒ်ကျေးရွာတွင် ရန်ပုံငွေ ကျပ် ၆၄၅၀၀၀၀ ဖြင့် အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာခန်းမ တည်ဆောက်ခြင်း၊ အင်ယိုစွပ်ကျေးရွာတွင် ရန်ပုံငွေ ကျပ် ၆၆၄၀၀၀၀ ဖြင့် အရှည်ပေ ၂၆၀၀၊ အကျယ် ရှစ်ပေရှိ ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း၊ နမ်မွန်းဒမ်းကျေးရွာတွင် ရန်ပုံငွေ ကျပ် ၆၃၂၀၀၀၀ ဖြင့် အရှည် ပေ ၁၅၀၀၊ အကျယ် ၁၀ ပေ ရွာတွင်းလမ်း သဲကျောက်ခင်းခြင်း လုပ်ငန်းများဖြစ်သည်။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျေးရွာများသို့ လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့မှ ဦးထွန်းကိုကိုနှင့် အဖွဲ့က အောက်တိုဘာ ၃၁ ရက်တွင် ကွင်းဆင်းသွားရောက်ကာ စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းများတွင် လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့သည်။

**ဖုန်ကန်(ပူတာအို)**

## နာဂဒေသ နန်းယွန်းမြို့နယ်မှ ပြည်သူများအား တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ ပညာပေးဆွေးနွေး

**နန်းယွန်း နိုဝင်ဘာ ၂**
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေရေးရာ ကော်မတီက ကြီးမှူး၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်နေ ပြည်သူများ သိသင့်သိထိုက်သည့် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက်က နန်းယွန်းမြို့ရှိ မြို့နယ်စုပေါင်းရုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ကော်မတီအဖွဲ့ဝင် ဦးလော်ယုံက အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးမိုးမင်းဝင်းနှင့် ဦးမောင်မောင်ဝင်းတို့က တရားဥပဒေစိုးမိုးရေး ကိစ္စရပ်များနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးကြကာ တက်ရောက်လာသည့် ဒေသခံပြည်သူများက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေများ၊ မြို့နယ်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြမေးမြန်းဆွေးနွေးခဲ့ကြပြီး ကော်မတီဝင်များနှင့် သက်ဆိုင်သည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။ **စနေမောင်(ခန္တီး)**

## ဆင်မကြီး မိုမို အသက်(၆၆)နှစ်ပြည့်မွေးနေ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ (ယနေ့)ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**
ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ပြည်သူအများ၏ အချစ်တော် ဆင်မကြီး မိုမိုသည် ၁၉၅၃ ခုနှစ်က မွေးဖွားခဲ့သည်ဖြစ်၍ ယခုနှစ်တွင် အသက် ၆၆ နှစ်ပြည့် မွေးနေ့ကို ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်း နိုဝင်ဘာ ၃ ရက်(ယနေ့)တွင် ထူးခြားသည့် အစီအစဉ်များဖြင့် စည်ကားစွာ ကျင်းပမည်ဟု သိရသည်။

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/နဝဒေးရပ်/နဝဒေးရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ကေရှိ ဒု-အရခဗ စိုးကြိုင် ၁၂/မဂဒ(နိုင်)၀၀၅၄၈၁ (ဘ)ဦးတင်အေးအမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်/ပါမစ်မြေကွက်အမှတ် ပစ(B)၂၀၄၃ကို အမည်ပေါက်ဒု-အရခဗစိုးကြိုင်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ကြာနု ၁၂/မဂဒ(နိုင်)၀၀၅၄၈၂ (ဘ)ဦးမြ မှမှတ်ပုံတင်နှင့်အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ သေဆုံးမှုလက်မှတ်(မိတ္တူ)၊ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ သေဆုံးမှုထောက်ခံချက်မိတ္တူ၊ မြေကွက်ရှိ အဆောက်အအုံဓာတ်ပုံများတင်ပြ၍ ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်လစဉ်မပျက်ကျင်းပမြဲ(၁၁)လပိုင်း(၁၄၂)ကြိမ်မြောက်(၁၅)ရက်အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်(၉)ရပ်ကွက်၊နဝရတ်လမ်း၊ ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ဥပနိဿယကိုခံယူလျှက် ဆရာတော် “အရှင်ပုညာနန္ဒ”၏ဉာဏ်မှီသမျှကျေးဇူးပြုဟောကြားပြသတော်မူခဲ့သော အလုပ်ပေးတရားတော်များ၊ခန္ဓာဉာဏ်ရောက်သစ္စာဆိုက်တရားတော်များ နှင့်တကွပြည်တွင်းပြည်ပနယ်လှည့်တရားဟောဓမ္မကထိကဆရာတော်များ၏ဟောကြားချီးမြှင့်တော်မူသောသစ္စာတရားတော်များကိုနာယူမှတ်သားကာ တရားတော်များကျင့်ကြံအားထုတ်လိုသောသူတော်စင်များတရားများ နာကြားကျင့်ကြံအားထုတ်နိုင်ရန် ဆရာတော်ကြီးဘဒ္ဒန္တဝိစာရမှ(၈. ၁၁. ၂၀၁၉)မှ(၂၃-၁၁-၂၀၁၉)နေ့အထိ(၁၅)ရက် တိုင်တိုင်ကျင်းပသွားမည် ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသောသူတော်စင်ယောဂီများလိုအပ်သော အချက်အလက်စုံလင်စွာဖြင့် ကြိုတင်စာရင်းသွင်းနိုင်ကြပါသည်၊ **(နှစ်စဉ်မပျက်ကျင်းပမြဲ(၂၁)ကြိမ်မြောက်မဟာဘုံကထိန်အလှူတော်ကိုတန်ဆောင်မုန်းလပြည့်နေ့)တွင်ကျင်းပမည်ဖြစ်ပါသည်**ဆက်သွယ်ရန် (၀၉-၅၀၇၉၉၇၀၊၀၉၄၂၈၅၁၅၁၃၉၊၀၉၄၄၁၃၈၅၉၃၈၊၀၉၄၂၈၀၇၈၅၄၃ ၀၉၅၀၁၃၂၉၇)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်Pageအရှင်ပုညာနန္ဒပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(၁၂၇)၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိ ဦးသိန်းအမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သူဇာလှိုင်(ဘ)ဦးဝင်းကြည် ၇/ဇကန(နိုင်)၀၄၉၄၂၇ မှမြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသို့ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ၃၁/ပေါင်းလောင်း-၁၊ ဦးပိုင်/မြေကွက်အမှတ်(၂၀၀/၇၈၆)၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိ ဒေါ်တင်ကြည်အမည်ပေါက် ပါမစ်မြေကွက်အား ဦးကျော်ကျော်ဇင် (ဘ)ဦးသန်းကျော် ၉/ကပတ(နိုင်)၀၃၀၄၄၁၊ ဒေါ်ဝါဝါအောင်(ဘ)ဦးအောင်ထွေ ၉/ပမန(နိုင်)၀၀၆၃၇၉တို့မှ မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီသို့ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ၃၁/ပေါင်းလောင်း -၁၊ ဦးပိုင်/မြေ ကွက်အမှတ် (၂၀၃/၇၈၉)၊ ဧရိယာ ၀ဒသမ၀၅၅ကေရှိ ဦးခင်မောင်အေး အမည်ပေါက်ပါမစ်မြေကွက်အား ဦးကျော်ကျော်ဇင် (ဘ) ဦးသန်းကျော် ၉/ကပတ(နိုင်)၀၃၀၄၄၁၊ ဒေါ်ဝါဝါအောင်(ဘ)ဦးအောင်ထွေ ၉/ပမန(နိုင်)၀၀၆၃၇၉တို့မှ မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)၊ မြေကွက်အမှတ် (ZC–005)၊ ဧရိယာ ၆ ဒသမ ၁၉၃ ကေရှိ ဦးနော်အောင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးခင်မောင်အေး ၇/တငန (နိုင်)၀၆၆၃၅၇နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးဆွဲပေးပါရန် အမည်ပေါက်သူထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၄၂၁/ ၂၀၁၇)ရရှိသူ ဦးနေလတ်မှ ပိုင်ဆိုင်မှုအထောက်အထားများတင်ပြ၍ လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် ၁၀၃၄၊ ဧရိယာ ၀ဒသမ၀၈၂ကေအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးတင်မောင် (ကိုယ်စား) ဒေါ်ချိုမာဝင်း (ဘ)ဦးရွှေ ၉/လဝန (နိုင်)၂၂၅၅၇၃မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာ အမှတ် (၈၀၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့် လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့် ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သက်တော်ရှည် ဘွားဘွားကြီးဒေါ်နှင်းသို့ မွေးနေ့ဆုမွန်လွှာ

ယနေ့ ၃-၁၁-၂၀၁၉ရက်တွင် ပြည့်မြောက်သည့် ဘွားဘွားကြီး ဒေါ်နှင်း၏ (၁၀၅)နှစ်ပြည့် မွေးနေ့ရက်မြတ်တွင် ဘွားဘွားကြီး၏စင်ကြယ်သော သီလကုသိုလ်အား အာရုံပြုလျက် ဘွားဘွားကြီးကျင့်ကြံပွားများခဲ့သော ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုမြတ်ကောင်းမှုအပေါင်းကို သာဓုအကြိမ်ကြိမ်ခေါ်ဆိုပါသည်။

ဘွားဘွားကြီး၏ သက်ရှည်မြဲကျန်းမာဆဲဖြင့် ကုသိုလ်တရားများ စဉ်ဆက်မပြတ် ပွားများနိုင်ပါစေ။

ဘွားဘွားကြီး၏ အေးမြသောမေတ္တာအရိပ်အောက်တွင် ကြောင့်ကြမဲ့စွာဖြင့် အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးနိုင်ပါရစေ။

**သားသမီးမြေးမြစ်များ**

**A5 သောက်ရေသန့်မိသားစု၊ မန္တလေးမြို့**

## ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေလှူဒါန်းခြင်း

ကွယ်လွန်သူ ဒေါ်ခင်မြမြ(ခ)ဒေါ်မြသန်းအားရည်စူး၍ ပဲခူးတိုင်းဒေသကြီး၊ ဥဿာမြို့သစ်၊ ရန်ကုန်-မန္တလေးကားလမ်း၊ အမှတ် ၃၆၊ ၇/၃ရပ်ကွက်နေ ခင်ပွန်း ဦးသီး၊ သား ကိုမျိုးမင်းထွဋ်၊ကိုသိန်းထိုက်လွင်-မဆွေဇင်လင်း၊ ကိုဝင်းမြင့်-မဆွေဇင်ဝင်း၊ မြေးမောင်မျိုးထွဋ်အောင်မိသားစုမှ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေ ကျပ်သိန်း(၁၀)တိတိ လှူဒါန်းရာ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးအုံးမြင့်မှ လက်ခံယူပါသည်။

**လှူဒါန်းမှုအပေါ်နတ်လူသာဓုခေါ်စေသော်**



## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၈ ခုနှစ် တရားမဇာရီမှုအမှတ်-၁၂၇

| | | |
|---|---|---|
| ဒေါ်ဥမ္မာဆွေ | နှင့် | ဒေါ်အမာနီ (ကိုယ်တိုင်နှင့်ကွယ်လွန်သူဦးဉာဏ်၊ ဦးမောင်မောင်အေးတို့၏တရားဝင်ကိုယ်စားလှယ်) |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၉၀/၂၀၁၂)အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂ရက် (၁၃၈၁ခုနှစ် နတ်တော်လဆန်း ၆ရက်)မွန်းမတည့်မီ ၉:၃၀နာရီတွင်၎င်းပစ္စည်းရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မောဃဂီရိရပ်ကွက်၊ အကွက်အမှတ် ၁၄၀၊ ဦးပိုင်အမှတ် (၂၄-ဃ)၊ ၁၇လမ်း၊ ၈၀x၈၁လမ်းကြားရှိ ဦးဉာဏ်အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နံကပ်(၂)ထပ် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံတင်ကြမ်းခင်းဈေး ငွေကျပ်သိန်း (၁၂၀၀) (ငွေကျပ်သိန်းတစ်ထောင့်နှစ်ရာတိတိ)**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင် ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့် အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြေညာစာ ထုတ်ပေးလိုက်သည်။

**(စောမျိုးမျိုး)**
**တွဲဖက်ခရိုင်တရားသူကြီး (၄)**
**မန္တလေးခရိုင်တရားရုံး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 2P/5306 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(နေပြည်တော်ရုံး)**

## မြန်မာနိုင်ငံဆရာဝန်အသင်း
## ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
## အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ ၂၀၂၀-၂၀၂၂ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတမှုရှိစေရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါရွေးချယ်တင်မြှောက်ပွဲကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၁ရက် (စနေနေ့) နံနက် ၁၀နာရီမှ ၁၆:၀၀နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၁။ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အရည်အချင်းသတ်မှတ်ချက်များ**

(က) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ရာသက်ပန်အသင်းဝင်(သို့မဟုတ်)အသင်းဝင်ကြေးအကြွေးမရှိသူဖြစ်ရမည်။

(ခ) ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ရပါမည်။

(ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဃ) ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းကမ်းများကို တိကျစွာလိုက်နာနိုင်သူဖြစ်ရပါမည်။

၂။ **မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရမည့်သူများ၏ သတ်မှတ်အရည်အချင်းများ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားဖြစ်ရမည်။

(ခ) ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူဖြစ်ရမည်။

(ဂ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဃ) မြန်မာနိုင်ငံဆရာဝန်အသင်း ရာသက်ပန်အသင်းဝင်(သို့မဟုတ်)အသင်းဝင်ကြေးအကြွေးမရှိသူဖြစ်ရမည်။

(င) သက်တမ်းရှိ(ဆမ) လက်ဝယ်ရှိသူ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီ၏ မှတ်ပုံတင်လက်ဝယ်ရှိသူဖြစ်ရမည်။

(စ) မိမိဆန္ဒအလျောက် ဆရာဝန်အသင်း၏တာဝန်များကို ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) နိုင်ငံရေးပါတီတစ်ခုခု၏ ဗဟိုအလုပ်အမှုဆောင် ကော်မတီတွင်လည်းကောင်း၊ လွှတ်တော်တစ်ရပ်ရပ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသူလည်းကောင်းမဖြစ်စေရ။

(ဇ) မြန်မာနိုင်ငံဆရာဝန်အသင်း၏ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာသူဖြစ်ရမည်။

(ဈ) မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင် အဖွဲ့ဝင် (၃၀)ဦး ရွေးချယ်ပါမည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ၈-၁၁-၂၀၁၉ ရက် (သောကြာနေ့) မှ ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့)အတွင်း ရွေးကောက်ပွဲကော်မရှင်ရုံးခန်းတွင် နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၄နာရီအတွင်း (ရုံးပိတ်ရက်များမှအပ) ဆန္ဒပြုလွှာပုံစံနှင့် ကိုယ်ရေးမှတ်တမ်းပုံစံကို လာရောက်ထုတ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး အထောက်အထားများနှင့်တကွ ၂၉-၁၁-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄နာရီ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းစာရင်းနှင့် ၎င်းတို့၏ ကိုယ်ရေးမှတ်တမ်းများကို ၁၃-၁၂-၂၀၁၉ ရက် (သောကြာနေ့) နံနက်ပိုင်းမှစတင်၍ ကော်မရှင်ရုံးခန်း၌ ကြေညာထားမည်ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကို Computer Software ဖြင့် လျှို့ဝှက်မဲပေးခြင်းစနစ်ကို ကျင့်သုံးမည်ဖြစ်၍ ဆောင်ရွက်ရမည့်အဆင့်များကို မြန်မာနိုင်ငံဆရာဝန်အသင်း Website:www.mmacentral.org နှင့် Facebook: www.facebook.com/mmacme တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကုန်းဇောင်းကျေးရွာ(အထက) နဝမတန်း(E)မှ မအေးသန္တာခိုင်၏ ဖခင်အမည်မှန်မှာ ဦးကြည်ခိုင်နှင့် ဦးမောင်ခိုင် ၈/ပဖန(နိုင်)၀၂၃၀၁၇ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ကဇွန်းမကျေးရွာ အထက နဝမတန်းမှ မောင်သူရဇော်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းခိုင် ၈/ဆဖန(နိုင်)၀၅၅၇၀၆ ဖြစ်ပါကြောင်း။

**ဦးဇော်မင်းခိုင်**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ စံဖဲကျေးရွာ အလက ဆဋ္ဌမတန်းမှ မမေသူအောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်း ၈/ပမန(နိုင်)၁၀၇၅၇၈ ဖြစ်ပါကြောင်း။

**ဦးမင်းမင်း**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကံမမြို့ စေတနာကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်းမှ မချမ်းမြေ့အောင်၏ ဖခင်အမည်မှန်မှာ ဦးစန်းဦး ၈/ပမန(နိုင်)၀၀၉၃၃၆ ဖြစ်ပါကြောင်း။

**ဦးစန်းဦး**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပုသိမ်ခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၁၄၁

| | | |
|---|---|---|
| ၁။ ဦးသန်းဌေး | **နှင့်** | ၁။ ဦးထွန်းခင် |
| ၂။ ဦးအောင်သိန်း | | ၂။ ဒေါ်စိုးစိုးလွင်(ခ)တန်ဆွေတီ |
| **တရားလိုများ** | | **တရားပြိုင်များ** |

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ် (၆)ရပ်ကွက်၊ ဘန့်ဘွေးကုန်းလမ်း၊ အမှတ် (၃၀)နေ (၁) တရားပြိုင် ဦးထွန်းခင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၃ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်မြင့်ဝါ)**
**ခရိုင်တရားသူကြီး**
**ပုသိမ်ခရိုင်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၃၃၁-အိုးဘိုတောင်အနောက်)၊ ဦးပိုင်အမှတ် (ကမ်းနားလမ်း-၂၁)၊ ဧရိယာ ၀ဒသမ၁၄၇ဧကရှိမြေအား ဦးလှ ကိုအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ကြော်ငြာစာ
### မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၄၃၁(စ)အရ
### **ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားခြင်းအပေါ်ထုတ်ဆင့်သည့်ကြော်ငြာစာ**
### မြစ်ကြီးနားခရိုင်တရားရုံး
### ၂၀၁၉ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁

NORTHERN GREEN LAND COMPANY LIMITED
(၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ
မန်နေဂျင်းဒါရိုက်တာ ဒေါ်လုအောင်) **လျှောက်ထားသူ**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကျောင်းထိုင်ဘုန်းကြီးကျောင်းလမ်း၊ အမှတ်(၂၀၀)တွင် ဖွင့်လှစ်ထားသည့် Northern Green Land Co.,Ltd (၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ မန်နေဂျင်းဒါရိုက်တာဒေါ်လုအောင်)မှ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ Online မှတ်ပုံတင်စနစ်သစ်တွင် ပြန်လည်မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့သဖြင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ-၄၃၁(စ)အရ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းအပေါ် ယင်းကုမ္ပဏီနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့မှ နည်းလမ်းတကျလွှဲအပ်ထားသည့် အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ အဆိုပါကင်းလွတ်ခွင့်အား ရသင့်၊ မရသင့်ကို ၂၀၁၉ခုနှစ် နိုဝင်ဘာ ၂၀ ရက် (၁၃၈၁ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်)၊ နံနက် ၁၀:၀၀နာရီတွင် ကြားနာ၍ ကင်းလွတ်ခွင့်ပြုသင့်၊ မပြုသင့်ကို စီရင်ဆုံးဖြတ်မည်ဖြစ်၍ အကျိုးသက်ဆိုင်သူမည်သူမဆိုလာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာထုတ်ဆင့်လိုက်သည်။ ကန့်ကွက်သူတစ်ဦးတစ်ယောက်မျှမရှိပါက အဆိုပါ လျှောက်ထားချက်အား စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးမင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၂၉၃

| | | |
|---|---|---|
| ဦးမင်းမင်းဦး | **နှင့်** | ဒေါ်နွယ်နွယ်ဦးပါ-၂ |
| **တရားလို** | | **တရားပြိုင်များ** |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဇ-၂)၊ မြို့သစ်(၄)နေ ဒေါ်နွယ်နွယ်ဦး (ဘ)ဦးရွှေ ၉/မရတ(နိုင်)၀၉၈၅၈၆(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းမင်းဦးမှ မန္တလေးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၈၉/၂၀၁၄) စီရင်ချက်နှင့် ဒီကရီများသည် ဦးမင်းမင်းဦးအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၅ရက် (၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စမ်းစမ်းရီ)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဦးစိုးအောင် ၉/ပဥလ(နိုင်)၀၀၂၉၂၅ (ဘ)ဦးအောင်ကြိုင်အမည်ပေါက် နှစ် ၃၀မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၀၄၄၁)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၁၈၄/၂၀၁၉ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်ဇာလှိုင် ၇/ကဝန(နိုင်)၁၀၇၀၃၈ (ဘ) ဦးလှမြင့်မှ ဦးဆန်းဝင်းနိုင် ၉/မသန(နိုင်)၁၂၇၇၄၂နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ဖခင်အမည်မှန်

ကျွန်းလှမြို့နယ်၊ ရွာသီအုပ်စု၊ သံဘိုရွာ အလကအဋ္ဌမတန်းမှ မောင်ရာဇာထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဝင်းချို ၅/ကလန (နိုင်)၀၄၂၅၂၁ ဖြစ်ပါကြောင်း။

**ဦးဝင်းချို**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ VEA ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ နန်းယိမ်းခမ်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ဦးစိုင်းအိုက်ကျန် ၁၃/နခန(နိုင်)၀၅၄၁၇၅ ဖြစ်ပါကြောင်း။

**ဦးစိုင်းအိုက်ကျန်**

### အမည်မှန်

(ဘ) ဦးအိုက်ကျန်၏ သမီး ပြင်ဦးလွင်မြို့ VEA ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း မှ နန်းယိမ်းခမ်း၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ နန်းယိမ်းယိမ်းခမ်း ဖြစ်ပါကြောင်း။

**နန်းယိမ်းယိမ်းခမ်း**

---

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3670 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/6940 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5269 CHARM TRUCK(CH-006)TRUCK(8x2)T/S(R) ယာဉ်အမည်ပေါက်သူ ဒေါ်ခင်နှင်းဖြူ ၁၃/လရန(နိုင်)၀၈၅၉၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ချိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၆၇၀၊ ကွင်းအမည်(ချိုင်းကွင်း)၊ ဦးပိုင်အမှတ် ၃က၊ ဧရိယာ ၁ဒသမ ၅၀ဧက၊ ဦးမောင်ဝင်း အမည်ပေါက်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ပျောက်ဆုံးသွားပါသည်။ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ ပြန်လည်လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဦးမောင်ဝင်း ၉/ပမန(နိုင်)၀၇၆၂၆၄**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၉၅၄)၊ ဧရိယာ ၀ဒသကမ၀၅၅ဧကရှိ ဦးကြည်မွေးအမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်သန္တာအောင် (ဘ) ဦးမြင့်အောင် ၉/ပမန(နိုင်)၀၀၁၉၂၄ မှ မြို့မြေတိုးချဲ့နေရာချထားရေးကော်မတီသို့ပေးသွင်းထားသည့် အိမ်ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
### မြို့နယ်တရားရုံး၌
### ၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် -၃၃

| | | |
|---|---|---|
| ဦးရန်နိုင်သက် | **နှင့်** | ဒေါ်ကြည်ကြည်ဝင်း |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ရပ်ကွက်၊ မဟာဗန္ဓုလလမ်း (ခ)မန္တလေးလမ်း၊ အမှတ် ၁၈၆နေ ဒေါ်ကြည်ကြည်ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၀ရက် (၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဆွေလှိုင်နန်း)**
**ဒုတိယမြို့နယ်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၆/မြို့မရပ်/ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဦးအောင်ရွှေ ၉/ပမန(နိုင်)၀၉၇၇၉၇(ဘ) ဦးရွှေအမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၈၄၆)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၃၃၆၂/၂၀၁၉ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်ဇာလှိုင် ၇/ကဝန(နိုင်)၁၀၇၀၃၈ (ဘ)ဦးလှမြင့်မှ ဦးဆန်းဝင်းနိုင် ၉/မသန(နိုင်)၁၂၇၇၄၂ နှင့်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ၊ မြေပုံရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မြို့မတောင်ရပ်/မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၁၀ဧကရှိ ဒေါ်မေကျော့ဦး ၁၂/စခန(နိုင်)၀၂၀၄၅၈(ဘ)ဦးရွှေဖော်အောင် အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၀၅၀၅)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၁၆၅၈/၂၀၁၉ ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်ဇာလှိုင် ၇/ကဝန(နိုင်)၁၀၇၀၃၈ (ဘ)ဦးလှမြင့်မှ ဦးဆန်းဝင်းနိုင် ၉/မသန(နိုင်)၁၂၇၇၄၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေပုံရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ပေး၍မကုန် လှူ၍မခန်း ဇေတီက ကထိန်သင်္ကန်း ၂၀၁၉

| | | | | | |
|---|---|---|---|---|---|
| တရုတ်စီပိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) | ၁၂၀၀၀ | အင်ဒိုရိုင်ဖယ် L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၂၂၀၀၀ | သရီးရိုင်ဖယ်ဒွိစုံ(ဘို့မ-၃၃၃) L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၀၀၀၀ |
| ကိုရီးယားစီပိုင်စီဒွိစုံ L ဆိုဒ် (ရိုးရိုး) | ၁၄၀၀၀ | ဂျပန်စီပိုင်စီဒွိစုံ L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၃၅၀၀၀ | သရီးရိုင်ဖယ်ဒွိစုံ(ဘို့မ-၃၃၃) LLဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၃၀၀၀ |
| ကိုရီးယားစီပိုင်စီဒွိစုံ L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၁၆၀၀၀ | ဂျပန်စီပိုင်စီဒွိစုံ LL ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၃၈၀၀၀ | ဂျပန်မာတင်ဒွိစုံ (ဘို့မ) L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၀၀၀၀ |
| စကော့ပူစီပိုင်စီဒွိစုံ L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၁၈၀၀၀ | ဂျပန်လီနင်ဒွိစုံ L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၀၀၀၀ | ဂျပန်မာတင်ဒွိစုံ (ဘို့မ) LL ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၃၀၀၀ |
| ယိုးဒယားစီပိုင်စီဒွိစုံ L ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၂၂၀၀၀ | ဂျပန်လီနင်ဒွိစုံ LL ဆိုဒ် (၉ဖြတ်ခါးခွဲ) | ၄၃၀၀၀ | ပဒုမ္မာကြာရိုးချည်သင်္ကန်း (အင်းလေးကျိုင်းခမ်း) ဒွိစုံ | ၂,၀၀၀,၀၀၀ |

## "ဇေတီကမူပိုင် စူပါကင်းတံဆိပ် ကထိန်သင်္ကန်းများ"

| | |
|---|---|
| စူပါကင်း ဂျပန်စီပိုင်စီ L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၆၀၀၀၀ |
| စူပါကင်း သရီးရိုင်ဖယ် L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၇၀၀၀၀ |
| စူပါကင်း စီဂရိတ် ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၇၀၀၀၀ |
| စူပါကင်း ဘီဂရိတ် ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၁၀၀၀၀၀ |
| စူပါကင်း အေဂရိတ် ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၁၂၀၀၀၀ |
| စူပါကင်း စတားဂရိတ် ချည်သား L ဆိုဒ် (၂၈ဖြတ်ခါးခွဲ) | ၁၅၀၀၀၀ |

ဆက်သွယ်စုံစမ်းရန်
Hot Line
09-799888667
09-253348646
09-799888685
09-785013609
တဆင့်ပြန်လည်ရောင်းချလိုသူများ နယ်ကိုယ်စားလှယ်ဆိုင်ဖွင့်လိုသူများ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပစ္စည်းအမျိုးအစား အရွယ်အစား မမှန်လျှင် ဝိနည်းစည်းကမ်းတော်နှင့် မညီလျှင် ဝယ်ယူသည့် တန်ဖိုး ၃ဆ ပြန်ပေးပါမည်။ ချုပ်ရိုးတစ်ကြောင်းပြုတ်လျှင် အမျိုးတူ သင်္ကန်းအသစ်တစ်စုံ ပြန်ပေးပါမည်။

၂၆ ဆိုင်မြောက်ပင်မဆိုင်ခွဲ
ဇေတီက (ရွှေပြည်သာ)
ဖုန်း - ၀၉-၇၉၈၄၄၅၅၀၅၀
ထန်းခြောက်ပင်လမ်းဆုံ၊ ရိုးမဘဏ်ရှေ့တွင် ရွှေပြည်သာမြို့နယ်ကထိန်သင်္ကန်း၊ အလှူရှင်များအတွက် တိုးချဲ့ဖွင့်လှစ်လိုက်ပါပြီ။

**ဇေတီက (၁)** အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၈၁
**ဇေတီက (၂)** အမှတ်(၉၇)အေ၊ ဘုန်းကြီးလမ်းအလယ်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၁၂၁၅၉
**ဇေတီက (၃)** အမှတ်(၆၁၊၆၂)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၃၁၇၃၉၃၊ ၀၉-၃၂၃၀၇၅၃၄
**ဇေတီက (၄)** အမှတ်(၃၅)၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၀၅၇၈၊ ၀၁-၈၆၀၃၁၂၈
**ဇေတီက (၅)** ၁၅လမ်း၊ ညောင်ပင်လေးဈေးအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၄၉၂၈
**ဇေတီက (၆)** တာမွေလမ်းဆုံ၊ ရွှေဇဟိုရုပ်ရှင်ရုံရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၀၇၂၅၉
**ဇေတီက (၇)** ပြည်လမ်း၊ ဂမုံ လမ်းဆုံ၊ ရိုးမဘဏ်အနီး၊ မရမ်းကုန်း။ ရန်ကုန်မြို့။ ဖုန်း ၀၁-၆၅၃၃၃၇
**ဇေတီက (၈)** ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၈၆၁၀၇၉၆
**ဇေတီက (၉)** AKK Shopping Mall အနီး၊ ကျိုက္ကဆံဘုရားမုတ်တိုင်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၈၅၆၀၇၉၃
**ဇေတီက (၁၀)** မြန်မာဘစ်ရှော့ဈေးဝယ်စင်တာ ၈၅၊ ရေတာရှည်လမ်းဟောင်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၅၅၂၉၂၅
**ဇေတီက (၁၁)** ဘစ်ရှော့ဈေးဝယ်စင်တာ II၊ (၉၄၆)၊ သုဓမ္မာလမ်း၊ မ-ဥက္ကလာ၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၉၆၉၂၂၇၉
**ဇေတီက (၁၂)** အမှတ်(၃၆)၊ ရေတာရှည်လမ်းသစ်၊ ယုဇနဟိုတယ်အနီး၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၈၆၁၀၈၆၇၃
**ဇေတီက (တ/ဥက္ကလာ)** (၁၄၅/က)၊ ပါရမီလမ်း၊ တ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၃၃၂၆၇
**ဇေတီက (မ/ဥက္ကလာ)** ခေမာသီလမ်း၊ မ/ဥက္ကလာ(စျ)ဈေးအနီး၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၃၃၁၆၄၃၂၉
**ဇေတီက (မြေနီကုန်း)** ၁၀၈၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၃၂၁၀၉၉၂၂
**ဇေတီက (သိမ်ကြီးဈေး)** ၅၇၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၈၉၃၅၃
**ဇေတီက (အင်းစိန်)** ၅၀ ၊ လှိုင်မြစ်ကမ်းလမ်း၊ ပေါက်တော၊ အင်းစိန်မြို့နယ်။ ဖုန်း ၀၉-၃၃၅၄၅၂၁၂
**ဇေတီက (ဘုရင့်နောင်)** ၁၁၀၊ သမိုင်းခုံးကျော်တံတားနှင့် ဘုရင့်နောင်တံတားကြား။ ဖုန်း ၀၉-၃၂၂၁၂၁၂၈
**ဇေတီက (ရန်ကင်း)** ၂၄၈၊ သစ္စာလမ်း နှင့် မိုးကောင်းလမ်းထောင့်၊ ရန်ကင်း။ ဖုန်း-၀၉-၁၀၇၅၀၀၅၅
**ဇေတီက (ကမ္ဘာအေး)** ၂၁၀၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ဖုန်း-၀၉-၃၂၃၀၇၅၃၅
**ဇေတီက (သာကေတ)** ၄၃၄၊ မြေညီထပ်(၂လွှာ)၊ ယမုံနာလမ်းမ၊ ဒေါပုံ။ ဖုန်း ၀၉-၇၈၁၇၆၇၁၇၀
**ဇေတီက (နေပြည်တော်)** ၅၀၁၊ ရာဇဌာနီလမ်း၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့။ ဖုန်း ၀၆၇-၂၅၄၂၂
**ဇေတီက (ပျဉ်းမနား)** ၈၅၉ ၊ ဗိုလ်ချုပ်လမ်းမ၊ ပျဉ်းမနားမြို့။ ဖုန်း ၀၉-၃၂၃၀၇၅၃၃
**ဇေတီက (78 မန္တလေး)** ၁၄ ၊ ၇၈-လမ်းနှင့် ၃၃-လမ်းထိပ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၆၅၁၄၆၁၈၂
**ဇေတီက (ပြည်)** ၈၂၉၊ ဗိုလ်ချုပ်လမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့။ ဖုန်း ၀၅၃၂၉၂၀၆



MYANMAR PLAS PRINT PACK
၈ ကြိမ်မြောက်ထပ်မံကျင်းပသောမြန်မာ့နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ရာဘာ၊ ပုံနှိပ်ခြင်း နှင့် ကုန်ထုတ်ပိုးမှုဆိုင်ရာစက်မှုပြပွဲကြီး

MYANMAR AGROTEK FOODTEK
၈ ကြိမ်မြောက်ထပ်မံကျင်းပသောမြန်မာ့နိုင်ငံတကာဆိုင်ရာ စိုက်ပျိုးရေးနည်းပညာနှင့်စားသောက်ကုန်ဆိုင်ရာ စက်ပစ္စည်းပြပွဲကြီး

co-located MTG MitaTex MYANMAR TEXPRINT

တစ်ရက်သာကျန်ပါတော့တယ်

## 1–4 November 2019

10:00-17:30 ပြပွဲနောက်ဆုံးရက်တွင် ညနေ (၄) နာရီထိသာ ။
Yangon Convention Center,YCC
( Inya lake hotel compound )
ရန်ကုန်ကုန်သွယ်ရေးစင်တာ(အင်းယျားလိတ်ဟိုတယ်ဝင်းအတွင်း)

8 နိုင်ငံပေါင်း
110+ အမျိုးအစားပေါင်း း
8,600+ ချိတ်ဆက်မည့် လုပ်ငန်းရှင်ပေါင်း

PLAS PRINT PACK AGROTEK FOODTEK
အချိန်ကြာမြင့်စွာ မတန်းစီလိုပါက ၊
>> ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Yorkers MPIA UMFCCI MPPA MPPIA MTC

ကျွန်ုပ်တို့ နှင့်အတူ ဆက်လက်စောင့်ကြည့်လိုက်ပါ။ Myanmar Plas Print Pack Agrotek Foodtek
01-9010753 09-964703426 myokyiphyutun25@gmail.com အသက် (၁၆) နှစ်အောက် ကလေးများကို ဝင်ခွင့်မပြုပါ။

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် အောက်တိုဘာလအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၆၃ သန်းနှင့် မြန်မာကျပ်ငွေ ၂၀၄၅ သန်းရရှိထား

**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ယခုဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၆၃ သန်းနှင့် မြန်မာကျပ်ငွေ ၂၀၄၅ သန်း ရရှိထားကြောင်း အဆိုပါ ကော်မတီထံမှ သိရသည်။

ယခုဘဏ္ဍာနှစ် အောက်တိုဘာ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၅ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခုကို အတည်ပြုမိန့် ထုတ်ပေးခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၀၀၀ ခန့် ဖန်တီးပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ယခင်ခွင့်ပြုခဲ့သည့် လုပ်ငန်းများမှလည်း အောက်တိုဘာလအတွင်း စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၄၄ သန်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဝင်ရောက်ခဲ့ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၄၀၀ ကို ထပ်တိုးဖန်တီးပေးနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ စာရင်းများအရ သိရသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင်လည်း ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် စက်မှုကဏ္ဍ၊ ဟိုတယ်ကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အအုံကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့တွင် တရုတ်၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်နှင့် တရုတ်(တိုင်ပေ)၊ ဗြိတိသျှ ကျွန်းစု၊ ဆာမိုအာ၊ ကိုရီးယား၊ ဆေးရှယ်(လ်)၊ ဗီယက်နမ်၊ ထိုင်း၊ အိန္ဒိယနှင့် မလေးရှားနိုင်ငံတို့မှ စာမျက်နှာ ၁၁ ကော်လံ ၁ ☼

## အိမ်မဲမြို့နယ်တွင် မိုးသည်းထန်စွာရွာပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ငါးလုံး ပျက်စီး

စာ - ၁၃

## မာလီရှိ စစ်အခြေစိုက်စခန်း တိုက်ခိုက်ခံရ၍ တပ်ဖွဲ့ဝင် ၅၃ ဦး သေဆုံး

စာ - ၁၄

## အာဖဂန်နစ္စတန်မြောက်ပိုင်း တက်ခ်ဟာပြည်နယ်တွင် ပေါက်ကွဲမှုကြောင့် ကလေးကိုးဦး သေဆုံး

စာ - ၁၅



တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## ၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉(အမျိုးသမီး) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၉ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ယူ-၁၉(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ ယနေ့ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(၁)၌ ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း (၃)၌ မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(၁)၌ ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန် တိုင်းဒေသကြီးအသင်းက ၁၀ ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(၃)၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့်

စာမျက်နှာ ၁၂ ကော်လံ ၁ ✪

## မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း တရုတ်ခြေစမ်းခရီးစဉ်အတွက် ၂၇ ဦး ရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဆီးဂိမ်းပြိုင်ပွဲအကြို တရုတ်နိုင်ငံ၌ ခြေစမ်းပွဲများယှဉ်ပြိုင်ကစားရန် ကစားသမား ၂၇ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

တရုတ်ခြေစမ်းခရီးစဉ်သွားရောက်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းတွင် **နည်းပြချုပ်**-ဦးဝင်းသူမိုး၊ **လက်ထောက်နည်းပြ**-ဦးခင်မောင်ထွေး၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်မာလာဝင်း၊ **ဂိုးနည်းပြ**- ဦးမြကိုမင်း၊ ကစားသမားများအဖြစ် **ဂိုး**-မေဇင်နွယ်၊ သန္တာဦး၊ မြဖူးငုံ၊ **နောက်တန်း**-အိရတနာဖြိုး၊ အေးအေးမိုး၊ ဝေဝေအောင်၊ စာမျက်နှာ ၁၂ ကော်လံ ၅ ❍



မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်



ဘုန်းမောက်အသင်းအတွက် အနိုင်ဂိုးကို ဂျိုချူအာကင်း သွင်းယူပေးစဉ်။

## ပရီမီယာလိဂ် ပွဲစဉ် (၁၁) မန်ယူတို့ အဝေးကွင်း၌ ဘုန်းမောက်ကို ရှုံးနိမ့် လီဗာပူးတို့ အက်စ်တွန်ဗီလာကို အနိုင်ယူပြီး ရှုံးပွဲမရှိဖြင့် ထိပ်ဆုံး၌ရပ်တည်

**အင်္ဂလန်ပရီမီယာလိဂ်ပွဲစဉ်(၁၁)မှ အစောဆုံးပွဲစဉ် တစ်ပွဲဖြစ်သော ဘုန်းမောက်နှင့် မန်ယူတို့ နိုဝင်ဘာ ၂ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဘုန်းမောက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

ယင်းပွဲတွင် အိမ်ရှင် ဘုန်းမောက်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် တိုက်စစ်တွင် ဝီလ်ဆန်နှင့် ဂျိုချူအာကင်းတို့ ပွဲထွက်ခဲ့သည်။ ဧည့်သည် မန်ယူအသင်းသည် ၄-၂-၃-၁ ပုံစံဖြင့် မာရှယ်လ်ကို အထောင်ထား ပွဲထွက်လာသည်။ ဘုန်းမောက်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် အဒမ်စမစ်၏ ဖန်တီးမှုမှတစ်ဆင့် တိုက်စစ်မှူး ဂျိုချူအာကင်းက သွင်းယူပေးခဲ့သည်။

ယနေ့ပွဲတွင် နှစ်သင်းစလုံးသည် အပြန်အလှန် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဧည့်သည် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၄ ကြိမ် အနက် လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဘုန်းမောက်အသင်းသည် ဂိုးကန်သွင်းခွင့် ရှစ်ကြိမ်သာ ရခဲ့ပြီး ခြောက်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ ယင်းပွဲတွင် ဘုန်းမောက်ဂိုးသမား ရမ်စ်ဒယ်လီက အကောင်းဆုံးကစားသမားဖြစ်ခဲ့သည်။ မန်ယူအသင်းသည် ယနေ့ပွဲ ရှုံးနိမ့်ခဲ့၍ အဝေးကွင်း သုံးပွဲဆက် နိုင်ပွဲ ရပ်တန့်ခဲ့ရသည်။

ပွဲစဉ်(၁၁) ယှဉ်ပြိုင်အပြီးတွင် ဘုန်းမောက်အသင်းသည် ရမှတ် ၁၆ မှတ်ရရှိထားပြီး မန်ယူကို သုံးမှတ်ဖြတ်ထားနိုင်ခဲ့သည်။

အခြားပွဲစဉ်ဖြစ်သည့် အက်စ်တွန်ဗီလာအသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲပြီးခါနီး သွင်းဂိုးဖြင့် လီဗာပူးတို့က အက်စ်တွန်ဗီလာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ရှုံးပွဲမရှိဖြင့် ဇယားထိပ်၌ ဆက်လက် ရပ်တည်နေဆဲဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ ●

ရွှေပြည်ဟိန်းဆရာတော် ဇာတိနယ်မြေ မိုးကောင်းရွာ၌ အထက်တန်းကျောင်းဆောင် ဆောက်လုပ်ရေး ပါဝင်လှူဒါန်းနိုင်
စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ မိုးကောင်းရွာ၌ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်အတွက် ရွှေပြည်ဟိန်းဆရာတော် ဦးဆောင်၍ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းမည်ဖြစ်ရာ ပညာဉာဏ်အလင်းကို ပေးလှူသောအားဖြင့် ရွှေပြည်ဟိန်းဆရာတော်နှင့်အတူ ပါဝင်ကုသိုလ်ယူလိုက တစ်စုလျှင် ငွေကျပ် (၅၀၀၀၀) ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။
လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စေတနာ့ဆေးခန်း၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကုန်။ (ကျိုက္ကဆံစုပါဝင်။ တာမွေလေး။ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၅၁၀၂၁၉၇၊ ၀၉-၄၄၃၀၅၆၅၆၉
ရွှေဝိုတိုင်ကမ္ဘောဇဘဏ် - အရှင်စန္ဒာသိရိလက်ခံ (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။